# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 28 September 2023 ၁၁၂၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## သဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။


ယနေ့ ဖတ်စရာ

သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၅

ဉာဏ်မျက်စိပွင့်စေတဲ့ ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ...
ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပ
စာမျက်နှာ » ၁၂

# ကြေးမုံ

## အမျိုးသားရေးတာဝန်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်

မြန်မာနိုင်ငံအတွင်း စက်တင်ဘာလ ရက်သတ္တပတ်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ တာချီလိတ်မြို့နယ်တွင် စိတ်ပြောင်းမူးယစ်ဆေးဝါး အိုက်စ် (မက်သ်အဖက်တမင်း) ငွေကျပ် နှစ်ဘီလီယံကျော်ဖိုးနှင့် Happy Water ငွေကျပ် တစ်ဘီလီယံခွဲကျော်ဖိုး၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းကျော်၊ ဝေါမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း၊ ပင်လောင်းမြို့နယ်တွင် ဘိန်းဖြူဘလောက်တုံး ၉၀ နှင့် အင်းစိန်၊ ကျောက်တလုံးကြီး၊ မြိတ်၊ ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံ၊ လူမှုပတ်ဝန်းကျင်နှင့်လူငယ်လူရွယ်များကို ဖျက်ဆီးနိုင်သော အဆင့်မြင့် မူးယစ်ဆေးဝါးများကို ရက်ပိုင်းကာလအတွင်း အရေးယူတားဆီးနိုင်ခြင်းအား အသိအမှတ်ပြုရမည်ဖြစ်သလို နိုင်ငံအတွင်း မူးယစ်ဆေးဝါးများ ဖြန့်ကြက်ဝင်ရောက်နေမှုနှင့် လွတ်မြောက်နေမှုများကိုလည်း ပြည်သူလူထုပူးပေါင်းကူညီမှု၊ အမျိုးသားရေးအသိစိတ်ဖြင့် ပါဝင်ထမ်းဆောင်ကာ အရှိန်အဟုန်မြှင့်တင် ဆက်လက်တိုက်ဖျက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ ဘက်ပေါင်းစုံမှ ကြိုးပမ်းတိုက်ဖျက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ နည်းပညာများ တိုးတက်ပြောင်းလဲနေသောခေတ်ကာလတွင် လူတို့ပြုပြင်ဖန်တီးသည့် ဆန်းသစ်သောမူးယစ်ဆေးဝါးများကို ပြောင်းလဲထုတ်လုပ်လာကြသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံများက အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်နေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုကြီးထွားကျယ်ပြန့်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် လူမှုဘဝနယ်ပယ်တွင် ကျယ်ပြန့်စွာခေတ်စားလာသည့် စိတ်ပြောင်းမူးယစ်ဆေးဝါး (Happy Water) ရောစပ်သုံးစွဲမှုအခြေအနေများမှာ နေ့စဉ်နှင့်အမျှ မြင့်တက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့မြင်နေရသည်။

မူးယစ်ဆေးဝါး သုံးစွဲမိပါက မဖြတ်နိုင်လောက်အောင် စွဲလမ်းတတ်သဖြင့် မစမ်းသပ်မိဖို့ လိုပါသည်။ မူးယစ်ဆေးဝါးသုံးစွဲပါက စိတ်ခံတတ်တက်ကြွခြင်း၊ အလွန်လန်းဆန်းခြင်း၊ စိတ်လွှင့်မြောလွယ်ခြင်း၊ လွတ်လပ်ပေါ့ပါးခြင်းတို့ဖြစ်စေသဖြင့် အထူးသဖြင့် လူငယ်များကြားတွင် စိမ့်ဝင်ပျံ့နှံ့မှုလွယ်ကူလာသည်။ ယခုအခါ စိတ်ပြောင်းဆေးဝါး(Happy Water)ကို ကေတီဗွီ၊ နိုက်ကလပ်ကဲ့သို့ ရှင်မြူးဖွယ်နေရာများတွင် အသုံးပြုလာကြသည်ကို တွေ့ရသည်။ လူငယ်လူရွယ်များ စိတ်ကူးအပျော်လွန်ကဲသည့် နေရာများ၌ အသုံးချကြသည့်အပြင် မကောင်းမှုဒုစရိုက်များ၊ အကြမ်းဖက်မှုလုပ်ငန်းများတွင်လည်း အသုံးချလာကြသဖြင့် နိုင်ငံများအနေဖြင့် အပြင်းအထန်နှိမ်နင်းနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

စိတ်ပြောင်းမူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှဝင်ရောက်လာသော ဓာတုပစ္စည်းများဖြင့် ပေါင်းစပ်အသုံးပြုလာကြသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် သတင်းအချက်အလက်များ မျှဝေဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပရီကာဆာဓာတုပစ္စည်းများကို နယ်စပ်ဒေသများမှ တစ်ဆင့် ဝင်ရောက်လာမှုမရှိစေရေး ပူးပေါင်းထိန်းချုပ်ရေး၊ ထုတ်လုပ်ပြီးသော စိတ်ပြောင်းမူးယစ်ဆေးဝါးများ ပြည်တွင်းသို့ လမ်းကြောင်းအမျိုးမျိုးမှ ထိုးဖောက်ဝင်ရောက်မလာစေရေးတို့ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့များက နိုင်ငံများနှင့်ပူးပေါင်းလက်တွဲ၍ တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ ပြည်သူများကလည်း အမျိုးသားရေးအသိဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေးဟူသော ကဏ္ဍငါးရပ်ကိုချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စီမံချက်များ စနစ်တကျချမှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးအတွက် ရှမ်းပြည်နယ်အတွင်း ရေရှည်တည်တံ့သော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးရောယှက်မှုကင်းရှင်းစွာဖြင့် နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကျိုက်ထို စက်တင်ဘာ ၂၇

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရင်ပြင်တော်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ ဒါယကာ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဂူကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမဏ္ဍလက မြတ်စွာဘုရားအား ပင့်လျှောက်ကာ မရမ်းတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာယက ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ရင်ပြင်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသိပ္ပက နတ်ဖြဟ္မာများပင့်ဖိတ်၍ ရဟန်းသံဃာတော်များက ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြကြောင်းနှင့် အလှူရှင်များက နဝကမ္မအလှူငွေကျပ် ၃၀၃၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို နိုင်ငံအတွင်းရှိ ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ပြီး ကပ်ကြီးသုံးပါး ကျော်လွှားနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အောက်တိုဘာ ၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ကိုဇင်(လှိုင်ကော်)





(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ သာဂရအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူးရဲအုပ်သက်နိုင်စိုး ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဂုံမင်းကွင်းကျေးရွာအုပ်စု (၆)မိုင်သစ်တောကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

ကိုလွင်(ဆွာ)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၃,၃၃၇ | ၂၉,၀၃၄,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၀၅၀ | ၁,၃၉၀ | ၄,၃၀၈,၅၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၉၄ | ၁၅၉,၈၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၈ | ၄၃,၂၀၀ |
| EFR | ၂,၂၅၀ | ၂,၂၅၀ | ၃၉၅ | ၈၇၆,၂၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၇၀၀ | ၁,၈၀၀ | ၈၉၀ | ၁,၅၅၅,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ
အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် စက်တင်ဘာ ၂၇ ရက်၌ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိပြီး ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ဖြစ်ပါကြောင်း။

ထိုသို့ ကျင်းပပြုလုပ်ရာတွင် ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် လတ်တလော ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့် ကိုက်ညီသည့် ဆောင်ပုဒ်များကို နှစ်အလိုက်သတ်မှတ်ပြီး ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဦးတည်ဆောင်ပုဒ်အဖြစ် **“ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး” “Tourism and Green Investments”** ကို သတ်မှတ်ထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများသည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားကဏ္ဍမှ အလုပ်အကိုင် ဖန်တီးမှုသည် ၇၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံမှ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံထိ ကျဆင်းသွားခဲ့သည်ဟု သိရှိရပါကြောင်း။

**ဦးဆောင်နေရာမှရပ်တည်နေ**

ခရီးသွားလုပ်ငန်း ကဏ္ဍသည် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမှုတွင် ဦးဆောင်နေရာမှ ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသည့် လုပ်သားဦးရေ ၁၀ ဦးလျှင် တစ်ဦးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသမီးနှင့် လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခွင့်အလမ်းလည်းများစွာ မြင့်မားပါကြောင်း၊ သို့သော် အချို့သော အလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အတတ်ပညာများ သင်ကြားနိုင်မှု အခွင့်အလမ်း နည်းပါးခြင်းကြောင့် လူငယ် ၅၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန် အတွက် အဟန့်အတား ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် အလုပ်အကိုင်ပေါင်း ရှစ်သိန်းကျော်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်ရန် ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံကြရန် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်ကို သက်ဆိုင်သူများက အလေးထားကြရန် လိုပါကြောင်း။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေး နည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းကို **စာမျက်နှာ ၄ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဦးကျော်ဇာမင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

- **ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေးနည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန်လိုအပ်**
- **ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✰ စာမျက်နှာ ၃ မှ

စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင် အရေးပါသည့် လုပ်ငန်းအဖြစ် အလေးထား ဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အလေးထား ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်းသည် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုစေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### ခရီးစဉ်ဒေသဖော်ထုတ်

မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးကပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အလားတူ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် များစွာရှိပါကြောင်း၊ အဆိုပါသဘာဝ အရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွား ဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွေ လျော့နည်းလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ စာရင်းများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမ သုံးလပတ်ကာလ၌ ကမ္ဘာလှည့်ခရီးသည် ၂၃၅ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် နှစ်ဆ၊ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီကာလ၏ ၈၀ ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ပြီး တိုးတက်မှုရှိသည်ကိုသိရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

### ခြောက်ဆခန့်တိုးတက်လာ

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်ကာ နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည် စတင်ပြေးဆွဲခွင့်ပြုခဲ့ပြီး ကမ္ဘာလှည့် e-visa ကို မေလ ၂၀ ရက်က စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပနိုင်ငံအသီးသီးမှ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်စသည့် နိုင်ငံတကာ ဝင်ပေါက်အသီးသီးမှ နိုင်ငံတကာ ခရီးသွားစုစုပေါင်း နှစ်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်ကထက် ၄၃ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံတကာ ခရီးသွားဧည့်သည် ခြောက်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခင်နှစ်က တစ်သိန်းကျော်သာ ဝင်ရောက်ခဲ့သည့်အတွက် ခြောက်ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူ ပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်လာစေရန် မဟာဗျူဟာ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် မြန်မာနိုင်ငံကို ခရီးသည်ရောက်ရှိမှု ပိုမိုတိုးတက်များပြားလာမည်ဖြစ်သည့်အပြင် မကြာတော့သည့်ကာလတစ်ခု၌ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ မတိုင်မီကာလအခြေအနေကို ပြန်လည် ရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**❖ နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထား ဆောင်ရွက်**

**“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီး မြှုပ်နှံမှုများ မြှင့်တင်ပေး”** ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ရေရှည်တည်တံ့စေရန် အတွက်အားလုံး လက်တွဲညီညီဆောင်ရွက်ကြပါဟု ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင်မြတ်မင်း၊ ဒုတိယဆုရရှိသည့် ဦးမြင့်သန်း (ကျောက်ဆည်)နှင့် တတိယ ဆုရရှိသည့် ဦးကျော်ဇော မင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက် ပြခန်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြထားသည့် ပြခန်းများနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း (Asia – Pacific Institute for Broadcasting Development–AIBD)တို့ပူးပေါင်း၍ “သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။




**အကျိုးတူပူးပေါင်း**

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MRTV နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည် ပုဂ္ဂလိကရုပ်/သံမီဒီယာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် Video Clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုပညာရပ်သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် mechanism တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်ခန့်မှ စတင်ပြီး Smart Phone အသုံးပြုမှုကျယ်ပြန့်လာခြင်းနှင့် အတူ Smart Phone သုံးစွဲသူများ အနေဖြင့် သတင်းမှားများနှင့် အခြားသော Online မှ အန္တရာယ်များကို ရင်ဆိုင်နေကြရပါကြောင်း၊ အထူးသဖြင့် mobile phone အများဆုံးအသုံးပြုနေကြသည့် လူငယ်များအကြားတွင် ပိုမိုပျံ့နှံ့နေကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသည့် သတင်းသမားများနှင့် သတင်းမီဒီယာအများစုသည် သတင်းမှားများ အန္တရာယ်ကို သိရှိ နားလည်သဘောပေါက်မှုနှင့် သတင်းမှားများ ဖော်ထုတ်နိုင်မှု စွမ်းဆောင်ရည် အားနည်းနေပါကြောင်း၊ လူငယ်အများစုသည် သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှု verification skill မရှိသည့်အတွက် သတင်းအချက်အလက်အမှားများ၏ သွေးဆောင်ဖြားယောင်းမှုကို ခံနေကြရပါကြောင်း၊ အဆိုပါသတင်းမှား တိုက်ဖျက်မှုဆိုင်ရာ ဘာလီကြေညာ စာတမ်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု ကဏ္ဍတစ်ရပ်အဖြစ် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း၊ အာဆီယံဒေသတွင်း၌လည်း သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်နေကြပြီး သတင်းမှန်ထုတ်ပြန်ခြင်း၊ မီဒီယာဥပဒေများနှင့် မီဒီယာမူဝါဒဆိုင်ရာများ ပြန်လည်သုံးသပ်ခြင်း၊ သတင်းမှားများ တိုက်ဖျက်မှုတွင် မီဒီယာ သတင်းအချက်အလက် သိနားလည်မှု (Media digital literacy) ကဏ္ဍများအပါအဝင် အများပြည်သူကို အသိပညာပေးသည့် လုပ်ငန်းစဉ်များကို အာဆီယံဒေသတွင်းအဆင့်တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး AIBD မှ Program Manager Ms.Monica Phang က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ မလေးရှားနိုင်ငံ Universiti Teknologi MARA-Ui TM တက္ကသိုလ် ဆက်သွယ်ရေးနှင့် မီဒီယာလေ့လာရေးဌာန၊ နိုင်ငံရေးနှင့် လူမှုမီဒီယာ လေ့လာသုံးသပ်သူ Associate Professor, ဒေါက်တာ ဆာရာချင်နာဆာမိက လည်းကောင်း နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် AIBD မှ Program Manager Ms.Monica Phang တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အတူ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**အပြန်အလှန် ဆွေးနွေး**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ပထမနေ့ အစီအစဉ်ကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပလျက်ရှိရာ Associate Professor ဒေါက်တာဆာရာချင်နာဆာမိက စာနယ်ဇင်းပညာ၏ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် Content များအပေါ် တန်ဖိုးထားမှု၊ စာနယ်ဇင်းပညာ ဂုဏ်သိက္ခာကို စိန်ခေါ်နေသည့် သတင်းမှားများ၊ အလိမ်အညာများ၊ ကောလာဟလများနှင့် လှည့်စားမှုများ၏ ပစ်မှတ်များ၊ လုပ်ကြံသတင်းနှင့် ဝေဖန်ပိုင်းခြားနိုင်မှုကို ဖော်ထုတ်ရန် နည်းလမ်းများ (သို့မဟုတ်) သတ်မှတ်ချက်များနှင့် အများပြည်သူ၏ သဘောထား / အမြင်ကိုပြောင်းလဲရာတွင်သတင်းသမားများ၏ အခန်းကဏ္ဍ စသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများကလည်း အပြန်အလှန်ဆွေးနွေးကာ အတွေ့အကြုံများ မျှဝေကြသည်။

**တက်ရောက်**

အလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းမှစ၍ စက်တင်ဘာ ၂၈ ရက်အထိ နှစ်ရက်တာ ကျင်းပလျက်ရှိရာ သတင်းမီဒီယာ လုပ်ငန်းများလက်တွေ့ ဆောင်ရွက်နေကြသူများဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများ၊ MRTVနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက TV& FM များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ပညာရှင်များ စုစုပေါင်း ၅၀ ပါဝင်တက်ရောက်လျက်ရှိသည်။

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် AIBD တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၉ ရက်မှစ၍ ဝင်ရောက်ခဲ့ပြီး AIBD ၏ Seminar, WorkShop, Webinar များတွင် ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံတွင် AIBDနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို ယခင်က နှစ်ကြိမ်ကျင်းပပြီးဖြစ်ရာ ယခုကျင်းပမှုသည် တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ကြိုဆိုပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၇**

၂၀၁၉ ခုနှစ် ရှမ်းပြည်နယ် (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ ကြိုဆိုပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ကြိုဆိုပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပခဲ့သည်မှာ ယခုဆို (၂၄) ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲများတွင် အနုပညာထူးချွန်မှု ပြသနိုင်ခဲ့ကြသူများသည် အနုပညာနယ်ပယ်တွင် ထိုက်တန်သည့် နေရာကိုယ်စီ ရရှိပြီး ဝါသနာဖြင့် တင့်တယ်ရပ်တည်နေကြသည်ကို ပြိုင်ပွဲဝင်များအားလုံး အသိဖြစ်ကြောင်း၊ နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအဆင့်အတန်းကို ကမ္ဘာက သိအောင် ပြသနိုင်ကြသူများဖြစ်ပြီး ရှမ်းပြည်နယ်၏ ဂုဏ်ကိုဆောင်နိုင်သူများလည်း ဖြစ်ကြရန် ပြောကြားသည်။

**နှုတ်ဆက်ကြ**

ဆက်လက်၍ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ခရိုင် ၁၇ ခုမှ ပြိုင်ပွဲဝင်ဦးရေ အုပ်ချုပ်သူအပါအဝင် ၄၉၀ ဦးရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်ရေပေးဝေရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၆ ရက်က တော်ကူးအနောက်ကျေးရွာနှင့် တောင်ကုန်းကျေးရွာတို့တွင် ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက တောင်ကုန်းကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် တော်ကူးအနောက်ကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြေသားရေကန် အနက်တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းရန်နှင့် ကျေးရွာသူ ကျေးရွာသားများ အချိန်မရွေး ရေသုံးစွဲ၍ရအောင် စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ကျေးရွာကော်မတီဝင်များကို ရှင်းလင်းမှာကြားသည်။

ကျေးလက်ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက တော်ကူးအနောက်ကျေးရွာတွင် အိမ်ထောင်စု ၄၃၄ စုရှိ လူဦးရေ ၁၅၆၄ ဦးနှင့် တောင်ကုန်းကျေးရွာတွင် အိမ်ထောင်စု ၉၃၇ စုရှိ လူဦးရေ ၃၁၃၆ ဦးတို့အတွက် သောက်သုံးရေများ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ...

ဒေါက်တာမောင်သင်း

“ကမ္ဘာကြီးရဲ့အနာဂတ်ကတော့ ဆရာတွေ သင်ကြားပေးနေတဲ့ကျောင်းတွေရဲ့စာသင်ခန်းထဲမှာ ရှိနေပါတယ်။ ယနေ့ကလေးငယ်တွေကို စာသင်ခန်း ထဲမှာ ဘယ်လိုပညာပေးနေတယ်ဆိုတဲ့အချက်က (၂၁)ရာစုမှာကောင်းတဲ့အကျိုးသက်ရောက်မှုတွေကို အာမခံချက်ပေးနေမှာပါ”

ရစ်ချက်အာဂရင်း
(Richard R– Green)

လူသည် မွေးကတည်းက ထက်မြက်ပြီး တန်ဖိုး ဖြတ်မရသည့်စွမ်းရည်များ ပါလာပြီးသားဖြစ်သည်။ မွေးရာပါစွမ်းရည်များကို ထွက်လာ၊ တက်လာ၊ ဖွံ့ဖြိုးလာအောင်လုပ်ပေး၊ လေ့ကျင့်ပေးရန်သာ လိုပါသည်။ ထိုစွမ်းရည်၊ စွမ်းအားကို ဆွဲထုတ်နိုင်စွမ်း၊ အစွမ်းကုန်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်းရှိသောနိုင်ငံနှင့် လူ့အဖွဲ့အစည်းသည် ကမ္ဘာ့ထိပ်တန်းတွင် ရောက် နေပါသည်။ ဤသို့ လူ့စွမ်းအား ဆွဲထုတ်ပေးနေသည့် လုပ်ငန်းမှာ **“ပညာရေး”** ဖြစ်ပါသည်။ ပညာရေးမျိုး ဖွံ့ဖြိုးမှ လူ့ဘောင်၊ လူ့အသိုင်းအဝိုင်း တိုးတက်၊ ဖွံ့ဖြိုးမှုနှင့်အတူ ငြိမ်းချမ်းမှု၊ သာယာမှုတို့မှာလည်း ကျွဲကူးရေပါ လိုက်ပါဖြစ်ထွန်းလာပါတော့သည်။

## စွမ်းရည်ကွာဟမှုနှစ်ခုရှိ

လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု စွမ်းရည်ကွာဟ မှုနှစ်ခုရှိပါသည်။ တစ်ခုက ကာယစွမ်းရည်နှင့် နောက်တစ်ခုက ဉာဏစွမ်းရည်ပါ။ ယနေ့အချိန်မှာ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု သည် ကာယစွမ်းရည်ကွာဟမှု သိပ်မခြားနားသော် လည်း ဉာဏစွမ်းရည်အနိမ့်အမြင့်က အလွန်ကွာဟ လွန်းပါသည်။ ခေတ်ကလည်း ဉာဏစွမ်းရည်ဖွံ့ဖြိုးမှု ကို ရှေ့တန်းတင်နေသည့် ဉာဏစွမ်းအားခေတ် (ပညာခေတ်) ဖြစ်သည့်အတွက် ပညာစွမ်းရည် သာသော လူ့အဖွဲ့အစည်းရှိသည့် နိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်နေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ မည်သည့်အတွက်ကြောင့် ပညာ စွမ်းရည်သာသလဲဆိုသည်ကို **“ဖွံ့ဖြိုးတဲ့နိုင်ငံ ဖြစ်လာရခြင်းဟာ သူ့နိုင်ငံသားတွေ ကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့ နိုင်ငံသားတွေ ကြွယ်ဝဖို့ကြတော့ အဲဒီနိုင်ငံရဲ့ ပညာ ရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိမှဖြစ်မှာပါ”** ဟု ပညာရေးရော၊ နိုင်ငံရေးရော ဖွံ့ဖြိုးနေသည့် စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်က မိန့်ဆိုခဲ့သည်ကို ကြည့်လျှင် ဆရာကောင်းများကြောင့်ပါ။ စွမ်းရည် မြင့်သည့် ဆရာကောင်းများက ကျောင်းကောင်းကို ဖန်တီးပြီး ဉာဏ်ပညာမြင့်သူများ မွေးထုတ်ပေးနေ၍ ဖြစ်ပါသည်။

ကျောင်းကောင်းများက လူသားတစ်ဦးချင်းစီ တွင် ရှိပြီးသားစွမ်းရည်များ ပိုမိုထက်မြက်လာ အောင်၊ အစွမ်းကုန်ဖွံ့ဖြိုးမှုရှိလာအောင် စုပေါင်း လေ့ကျင့်ပေးသည့်နေရာပင်ဖြစ်ပါသည်။ သို့ပါ၍



နိုင်ငံတိုင်းတွင် ကျောင်းများပြည့်နေပါသည်။ ကောင်းသည့်ကျောင်းနှင့် ညံ့သည့်ကျောင်းသာ ကွာပါလိမ့်မည်။ လူသားတိုင်းတွင် ရှိနေသည့် စွမ်းရည်များက ကာယ၊ ဉာဏစွမ်းရည်များပါ။ ယင်း စွမ်းရည်များနှင့်အတူ တစ်ပြိုင်တည်းရှိနေသည်မှာ စာရိတ္တ၊ မိတ္တနှင့် ဘောဂစွမ်းရည်များဖြစ်ပါသည်။ မြန်မာမှုက ဗလငါးတန်ဟုဆိုသည့် လူ့တန်ဖိုးများ ပါ (ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ နှင့် ဘောဂဗလတို့ပါ)။ ယနေ့ပညာရေးလောကတွင် ရေပန်းစားနေသော စာတတ်စာတော်ပြီး ဉာဏ်ရည် ထက်မြက်မှု (IQ မြင့်မှု) နှင့် ကိုယ်ကျင့်တရား အခြေခံသော စိတ်ခံစားမှုတည်ငြိမ်ရင့်ကျက်မှု (EQ ရှိမှု) ကျန်းမာကြံ့ခိုင်သူ (PQ) နှင့် ဘာသာတရား လေးစားတန်ဖိုးထားသူ (SQ) တို့သည် မြန်မာ၌ ရှိပြီးသားနှင့် ရာစုပေါင်းများစွာ တည်တံ့ကျင့်သုံးလာ ခဲ့သည့် **“ဗလငါးတန်”**ကို မီလောက်မည် ထင်ပါသည်။

## တန်ဖိုးမြင့်နိုင်ငံသားများ ပြုစုပျိုးထောင်ပေးရာဥယျာဉ်

လူ့အဖွဲ့အစည်းတိုင်းတွင် “ကျောင်း” ပျော် သည့်၊ ကျောင်းကိုခင်သည့် မျိုးဆက်သစ်များ ပေါ်ကြွယ်ဝရန်လိုပါသည်။ “ကျောင်း” က မျိုးဆက် သစ်များအတွက် ရှေ့ဆက်ရမည့်လမ်းတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် လျှောက်လှမ်းနိုင်ရန် လူသားစွမ်းရည်အခြေခံကောင်းများ ဖြည့်ဆည်း ပေးသည့် ပရိဝုဏ်ပါ။ မိမိနှင့် မိမိပတ်ဝန်းကျင်၊ ပြီးလျှင် အနည်းဆုံးမြန်မာ့လူ့အဖွဲ့အစည်း ကောင်းကျိုးသယ်ပိုးနိုင်ရန်အတွက် အနာဂတ် သားကောင်းများ၏ ဗလငါးတန် လူ့တန်ဖိုးများ အစွမ်းကုန်ဖွံ့ဖြိုးအောင်၊ တိုးတက်အောင်လေ့ကျင့် ပေးသည့်နေရာပါ။ လိမ္မာယဉ်ကျေးပြီး တော်သည့် နိုင်ငံ့သားကောင်းရတနာများ လေ့ကျင့်နိုင်အောင် စုစည်းပေးထားသည့်အရပ်ပါ။ အားလုံးခြုံကြည့် လျှင် တန်ဖိုးမြင့်နိုင်ငံသားများ အစွမ်းကုန်ပွင့်လန်း ရန် ပြုစုပျိုးထောင်ပေးရာဥယျာဉ်သည် ကျောင်း ဖြစ်ပါသည်။ ဤ **“ကျောင်းကောင်း”**သည် စင်ကာပူ ဝန်ကြီးချုပ်ပြောသည့် တော်သလောက်ကောင်း သောနိုင်ငံသားများပေါ်ထွန်းအောင် လေ့ကျင့်ပေး သည့် အရည်အသွေးပြည့်ဆရာများ ရှိနေရပါမည်။

အထက်ပါလူသားမျိုးဆက်သစ်လေ့ကျင့်ပေးရာ ကျောင်းဥယျာဉ်သည် ၎င်းတို့အဖို့ ပျော်မွေ့စရာ၊ တစ်နည်းအားဖြင့် မျိုးဆက်သစ်၏ ခေါင်းဆောင် လောင်းများအတွက် ခင်တွယ်စရာနေရာဟု ခံယူသူ များလာရန် လိုပါသည်။ ကျောင်းပျော်များ၊ ခင်တွယ် သူများ များပြားပါမှ လူ့အဖွဲ့အစည်းတွင် ပညာကို ဖက်တွယ်ထားပြီး ကျိုးကြောင်းဆင်ခြင်နိုင်မှု ကြွယ်ဝသူ၊ ကောင်းမှု၊ မကောင်းမှု၊ အတ္တ၊ ပရကို သိနားလည်ပြီး ကောင်းမှုနှင့် ပရအကျိုး သယ်ပိုးမှု တွင် ဖက်တွယ်ထားသူများ ပေါ်များလာပါသည်။ ထိုလူများ နိုင်ငံ၌ ကြွယ်ဝပါမှ လူသားနှင့် သူ့အဖွဲ့ အစည်း၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုဖြစ်ထွန်းလာပါ လိမ့်မည်။ ကျောင်းသည် ပျော်စရာဟု ကလေးများ က မခံယူခဲ့လျှင် သို့မဟုတ် ကျောင်းမပျော်သည့် ကလေးများ၊ ကျောင်းမရောက်သည့် ကလေးများ များလာခဲ့လျှင်ဖြင့် ပညာမဲ့များ ပေါ်များလာပြီး အတ္တလွန်ကဲမှု၊ မတရားမှု၊ အနိုင်ကျင့်ဗိုလ်ကျမှု ပေါ်ပေါက်လာပါသည်။ ဤသို့ဆိုလျှင် လူ့ဘောင် လောကသည် ငြိမ်းချမ်းသာယာမှုများနှင့် အလှမ်း ဝေးလာပါတော့သည်။

လူမှုအသိုင်းအဝိုင်း၏ ငြိမ်းချမ်းမှု၊ သာယာမှု၊ တရားမျှတမှုကို နှောင့်ယှက်သူ၊ ဖျက်ဆီးသူမှန်သမျှ ကို လူမှုအသိုင်းအဝိုင်းက လူသားကောင်းကျိုး သယ်ပိုးလိုစိတ်၊ ဥပဒေကို လေးစားလိုက်နာမှု ရှိလာအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်စေရန် “ဘဝထဲကကျောင်း” ကို ထပ်ပို့ပြီး လေ့ကျင့်စေပါ သည်။ တကယ်ဆို ကျောင်းများတွင် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလ ပြည့်စုံသွားသူသည် ထို“ဘဝ ထဲမှကျောင်း” မှာ ထပ်မံလေ့ကျင့်ရန် မလိုအပ်တော့ ပါ။ အဘယ်ကြောင့်ဆိုသော် “ကျောင်းဆိုသည်မှာ လိမ္မာယဉ်ကျေးသည့် လူချွန်လူကောင်းများ၊ ခေါင်းဆောင်လောင်းများကို မွေးထုတ်သည့်အရပ် ဖြစ်လို့ပါ။ သူတို့တစ်တွေကို ဘဝမှာ ကြုံတွေ့ရမည့် ဆူးငြောင့်ခလုတ်တံသင်းများ၊ အခက်အခဲများကို ကျော်လွှားနိုင်အောင် လေ့ကျင့်ပေးလိုက်သည့်နေရာ မို့ပါ။”

## ဘဝထဲမှကျောင်း

လေ့ကျင့်စဉ်က သင်ရိုးညွှန်းတမ်းထဲမှ စာလောက်သာ သင်ပေးခဲ့ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသော လူသားတစ်ဦးပေါ်ထွန်းရန် မဟုတ်ခဲ့ လျှင်၊ ဆရာက အပြည့်အဝလေ့ကျင့်မပေးခဲ့လျှင် သို့မဟုတ် လေ့ကျင့်ပေးသည်ကို ကလေးများက အပြည့်အဝခံယူနိုင်မှုအခြေအနေ မရခဲ့လျှင် လူမှု အသိုင်းအဝိုင်းက ဆက်လက်လေ့ကျင့်မှုကိုခံယူရန် “ဘဝထဲမှကျောင်း” ကို ထပ်ဖွင့်ထားပါသည်။ ယင်း ကို အရပ်ထဲတွင်မှု မလိမ္မာသူ၊ ဆိုးသွမ်းသူများ ကို လိမ္မာအောင် လေ့ကျင့်သည့် “အကျဉ်းထောင်” ဟုခေါ်ပါသည်။ ကျောင်းတွင် လူကောင်း၊ လူတော် တစ်ဦးဖြစ်ရန် လေ့ကျင့်ခံယူခဲ့မှု အလွန်နည်းခဲ့ သူများကိုသာ မလိမ္မာသောသူများဟု လူ့အဖွဲ့ အစည်းက သတ်မှတ်ကြပါသည်။ ယင်းလူများ၏ အရေအတွက်သည်လည်း အလွန်နည်းသည်မို့ “ဘဝထဲကကျောင်း” အရေအတွက်သည်လည်း လူရည်ချွန် လူရည်မွန်များ တက်ရသည့်ကျောင်း နှင့်စာလျှင် အလွန်တရာနည်းပါသည်။

“အကျဉ်းထောင်” မှ ပတ်ဝန်းကျင်ကို မြင်နိုင် စွမ်းမရှိပါ။ လေးဖက်လေးတန် ထူထဲသည့် နံရံကြီး များနှင့် ကာရံထားသည့်အတွက်ပါ။ သာယာစိုပြည် သည့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးပျူငှာ ငြိမ်းချမ်းပျော်ရွှင်သည့် လူမှုပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေပါတော့သည်။ ကြာလာချိန်တွင် ပတ်ဝန်းကျင်မှာရှိသည့် တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဘဝများကို သိလည်းမသိ၊ မြင်လည်း မမြင်နိုင်ပါ။ ခေတ်၏ပြောင်းလဲမှုကို မြင်နိုင်စွမ်းမရှိတော့ပါ။ ခေတ်ရေစီးကို မြင်နိုင်စွမ်း၊ လိုက်နိုင်စွမ်းမရှိသူသည် နောက်ကျကျန်ရစ် နေမှာပါ။ ထိုဘဝတွင် ပိတ်လှောင်ခံရပြီး ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိသည့် အဖြစ်မျိုး မရောက်စေအောင် တန်ဖိုးမြင့်ခေါင်းဆောင်များ မွေးဖွားရာကျောင်းများ (မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များ) က ဗလငါးတန် ကို ပြည့်ပြည့်စုံစုံလေ့ကျင့်ပေးလိုက်ရန် လိုအပ် ပါသည်။

မိဘများ၊ ဆရာများနှင့်စာဖတ်သူမိတ်ဆွေများ ကို မေးခွန်းနှစ်ခု မေးခွင့်ပြုပါ။ ပထမမေးခွန်းက **“ကျောင်းနဲ့ အကျဉ်းထောင် ဆက်စပ်ပါသလား”** နှင့် ဒုတိယမေးခွန်းက **“ကျောင်းနဲ့ အကျဉ်းထောင် တူပါသလား”** ဆိုတာပါ။ မိဘများ၊ ဆရာများ၏ အဖြေနှင့် ကျွန်တော့်အမြင်ကို တိုက်ဆိုင်ကြည့်စေ ချင်ပါသည်။ ကျွန်တော်က ကျောင်းဆရာပါ။ ပြီးတော့ မိဘတစ်ဦးလည်းဖြစ်ပါသည်။ ကျောင်းဆရာအလုပ်၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နှစ်ပေါင်း ၄၀ ကျော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ထမ်း အငြိမ်းစားတစ်ဦးပါ။ နိုင်ငံတကာနှင့် မြန်မာ့ပညာ ရေးနယ်ပယ်များတွင် လေ့လာထားသည်နှင့် ကိုယ်တွေ့အကြောင်းအရာလေးများကို ခြုံပြီး မိဘအမြင်၊ ဆရာ့အမြင်၊ ပညာရေးလေ့လာသူ အမြင်ဖြင့် ဖြေထားခြင်းဖြစ်ပါသည်။ မိဘများနှင့် ဆရာများ၊ စာဖတ်သူအပေါင်းတို့ခင်ဗျာ၊ ကျွန်တော့် အဖြေ ပြည့်စုံမှုရှိလိမ့်မည်ဟုတော့ မယုံကြည်ပါ။ ထပ်ဖြည့်ပေးကြပါခင်ဗျာ။

## “ကျောင်း”ဆိုသည်မှာ

ကျွန်တော်၏**ပထမအဖြေ**မှာ “ကျောင်း”ဆို သည်မှာ “စာ” ချည်းသက်သက်သင်သည့် နိမ့်နိမ့် ကျကျနေရာမဟုတ်ပါ။ အပြစ်ကင်းစင်သည့် အနာဂတ်ခေါင်းဆောင်လောင်း လူမမည်ကလေး များကို လူလိမ္မာလေးများ၊ တော်ကြ၊ ထက်ကြသည့် **“စံပြနိုင်ငံသား”၊ “နိုင်ငံကြီးသား စိတ်ဓာတ်ကြွယ်ဝ သူ”** များဖြစ်လာအောင် သင်ပေး၊ ပြင်ပေး၊ လေ့ကျင့် ပေး၊ တန်ဖိုးမြှင့်တင်ပေးသည့်နေရာပါ။ လူသား တစ်ယောက်ကို ဘဝတစ်လျှောက်လုံးအတွက် အကျိုးများစေမည့် **“လူ့ဘဝရှင်သန်ရပ်တည်နိုင်ရေး အခြေခံကောင်းများ”** ကို လေ့ကျင့်ပေး၊ ဖြည့်ပေး သည့်နေရာပါ။ လူသားတစ်ဦးအတွက် အနာဂတ် တွင် လုံခြုံသည့်ဘဝ၊ ငြိမ်းချမ်းအောင်မြင်သည့်ဘဝ တစ်ခုကို မိမိဘာသာ ဖန်တီးနိုင်စွမ်းရှိအောင် လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းစာသင်ခန်း များပင်ဖြစ်ပါသည်။

ထို့ကြောင့်ကျောင်းစာသင်ခန်းများတွင် ကိုယ် ခန္ဓာကျန်းမာကြံ့ခိုင်ရေး(Physical Development)၊ ကျန်းမာရေးအသိတရား

စာမျက်နှာ ၇ သို့ ✧

**“ကျောင်း”ဆိုသည်မှာ “စာ” ချည်းသက်သက်သင်သည့် နိမ့်နိမ့်ကျကျနေရာ မဟုတ်ပါ။ အပြစ်ကင်းစင်သည့် အနာဂတ်ခေါင်းဆောင်လောင်း လူမမည်ကလေးများ ကို လူလိမ္မာလေးများ၊ တော်ကြ၊ ထက်ကြသည့် “စံပြနိုင်ငံသား”၊ “နိုင်ငံကြီးသား စိတ်ဓာတ်ကြွယ်ဝသူ”များ ဖြစ်လာအောင် သင်ပေး၊ ပြင်ပေး၊ လေ့ကျင့်ပေး၊ တန်ဖိုး မြှင့်တင်ပေးသည့်နေရာပါ။ လူသားတစ်ယောက်ကို ဘဝတစ်လျှောက်လုံးအတွက် အကျိုးများစေမည့် “လူ့ဘဝရှင်သန်ရပ်တည်နိုင်ရေး အခြေခံကောင်းများ”ကို လေ့ကျင့် ပေး၊ ဖြည့်ပေးသည့်နေရာပါ။ လူသားတစ်ဦးအတွက် အနာဂတ်တွင် လုံခြုံသည့်ဘဝ၊ ငြိမ်းချမ်းအောင်မြင်သည့်ဘဝတစ်ခုကို မိမိဘာသာ ဖန်တီးနိုင်စွမ်းရှိအောင် လေ့ကျင့်ပေး သည့်နေရာသည် ကျောင်းစာသင်ခန်းများပင်ဖြစ်**

# SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာ အသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင် လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက်အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများ ရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့်စပ်လျဉ်း၍မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်း မပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

✧ **စာမျက်နှာ ၆ မှ**

(Health Care)၊ တစ်ကိုယ်ရေလူမှုဘဝနှင့် စိတ်ခံစားဖွံ့ဖြိုးမှု (Social and Emotional Development)၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု (High Ethical Values)၊ စာနာတတ်မှု (Sympathy)၊ လူမှုဆက်ဆံရေးအသိစိတ် (Social Consciousness)၊ ပြောဆိုလိမ္မာယဉ်ကျေးမှု (Politeness and Courtieous)၊ ရင့်ကျက်သောအနုပညာခံစားမှုနှင့် စိတ်ထားနူးညံ့မှု (Aesthetic Development)၊ ကျိုးကြောင်းညီညွတ်စွာ ယုတ္တိရှိရှိ ပြဿနာကိုဖြေရှင်းနိုင်မှု (Logically Problem Solving)၊ စည်းကမ်းလိုက်နာမှု (Disciplaning) စသည်တို့ကို လေ့ကျင့်ပေးနေပါသည်။

ထို့ထက် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အနှစ်သာရဖြစ်သည့် မိမိနှင့် လုံးဝကွဲပြားခြားနားသည့် စရိုက်နောက်ခံ မတူသူများနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု (Diversity and Unity) အလေ့အကျင့်ရအောင် အတူသွား၊ အတူလုပ်၊ အတူပညာသင်၊ အတူလေ့ကျင့်၊ အတူအတန်းကောင်းကျိုး၊ ကျောင်းကောင်းကျိုးကို တက်ညီလက်ညီ သယ်ပိုးတတ်သော မြင့်မြတ်သည့် နိုင်ငံသားဖြစ်ရေးက အဓိကပါ။ အားလုံးခြုံကြည့်လျှင် ပြည်သူ့နီတိ (Civic)၊ လူ့ကိုယ်ကျင့်တရားများ (Ethics)၊ ယဉ်ကျေးပျူငှာသည့်လောကဝတ် (Etiquettes)များ မြင့်မားလာအောင်ပါ။ ထို့ပြင် လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးမည့် ဗီဇကောင်း၊ ဗီဇအမွန်များ ပိုမိုဖွံ့ဖြိုးလာစေပြီး ဗီဇဆိုး၊ ဗီဇညံ့ (လူ့ဘောင်လောကငြိမ်းချမ်းသာယာမှုကို ဖျက်ဆီး၊ နှောင့်ယှက်စေသည့် အကျင့်ဆိုး) များ လုံးဝပပျောက်သွားအောင် လေ့ကျင့်ပေး၊ သင်ပေးသည့်နေရာသည် **"ကျောင်း"** ပဲဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် လူ့အရည်အသွေးများက **"စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်"** များပါ။ ယင်းတို့က တန်ဖိုးရှိသည့်အရာများဆိုသော်လည်း လိုက်နာပြီး လက်တွေ့ကျင့်သုံးမှတက်လာ၊ ဖွံ့ဖြိုးလာမည့် မိမိနှင့်လူ့အဖွဲ့အစည်း အကျိုးပြု လူ့တန်ဖိုးများပါ။ မသိဘဲ၊ နားမလည်ဘဲ ဦးနှောက်အားကိုးဖြင့် အလွတ်ကျက်၍ရသည့် "ဖတ်စာအုပ်ထဲကစာ" များ မဟုတ်ပါ။ ကျောင်းများတွင် ထိုလူ့တန်ဖိုးအစစ်များကို အထုံပါရမီရသွားအောင် လေ့ကျင့်ပေး၊ အရင်ဖြည့်ရပါသည်။ ၎င်းကိုပြည့်ပြည့်စုံစုံဖြည့်ပြီးမှ လောကတွင် သိသင့်သိထိုက်သည့် လောကီပညာဆိုသော ဖတ်စာအုပ်ထဲမှစာကို ထပ်ဖြည့်ဆည်းပေးတာပါ။ ပညာတော်သူ၊ ဉာဏ်မြင့် သူ (IQမြင့်သူ) အဖြစ် ဆက်လက်လေ့ကျင့်တာပါ။ လူ့ဘဝတစ်လျှောက်လုံးတွင် အလိုအပ်ဆုံးအရာမှာ လူလူချင်းပေါင်းသင်းဆက်ဆံရေးပါ။ ပြီးလျှင် လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတမျှတစွာ နေတတ်မှုပါ။ ထိုအလေ့အကျင့်ကောင်းများရှိပါမှ အတ္တရှေ့တန်းတင်မှုများ၊ ငါသာအသိ၊ ကိုယ်သာအမှန်ဆိုသည့်အချက်များ လျော့နည်းပြီး အတ္တ၊ ပရမ္မတစွာ သယ်ပိုးသူများ များပြားလာလျှင် လူ့ဘောင်လောကသည် သာယာငြိမ်းချမ်းလာပါသည်။

**"ကျောင်းတစ်ကျောင်း ဖွင့်ခြင်းဟာ၊ ထောင်တံခါးတစ်ချပ်ပိတ်လိုက်ခြင်း" ပါ**

ထိုလူ့တန်ဖိုးအစစ်ကို ကျောင်းစာသင်ခန်းများက ပြီးပြည့်စုံအောင် လေ့ကျင့်ပေးမှု မရှိခဲ့လျှင် တရားမှု၊ မတရားမှု၊ အတ္တ၊ ပရမ္မတမှုများ အားနည်းပြီး တစ်ယူသန်မှု၊ ကိုယ်သာ အမှန်၊ အနိုင်ရမှအောင်မြင်သည်ဆိုသော အတွေးအမြင်များနှင့် လူ့ဘောင်အသိုင်းအဝိုင်းသာယာမှုကို နှောင့်ယှက်မည့်သူများ ပေါ်များလာပါလိမ့်မည်။ လူ့တန်ဖိုးမပြည့်သေးသူများကို ကျွန်တော်တို့၏ ယဉ်ကျေးပျူငှာသည့် လူ့အသိုင်းအဝိုင်းက လက်ခံလေ့မရှိပါ။ သူတို့ကို "ဘဝထဲက ကျောင်းဟုခေါ်သည့် အကျဉ်းထောင်" ပို့ပြီး ကိုယ့်အတ္တနှင့် သူတစ်ပါး၏ အတ္တကို မျှတစွာအသုံးချတတ်အောင် ဆက်လက်လေ့ကျင့်စေပါသည်။ ထို့ကြောင့် ကျောင်းကတော်သလောက် ကောင်းအောင်လေ့ကျင့်ပေးသည့်သူ များလေလေ၊ အကျဉ်းထောင်တွင် လူနည်းလေလေမို့ **"ကျောင်းတစ်ကျောင်း ဖွင့်ခြင်းဟာ၊ ထောင်တံခါးတစ်ချပ် ပိတ်လိုက်ခြင်း"** ပါဟု ပညာရေး၊ ပညာရှင်အသီးသီးက ထောက်ပြခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသည် "စာ"တော်သည့် "လူတော်"သက်သက် မွေးထုတ်သောပရိဝုဏ် မဟုတ်ပါ။ "လူကောင်းလူတော်" မွေးသည့်နေရာပါ။ "တော်"သူများ မကောင်းရင်း အကြောင်းမလှဖြစ်ပြီး တစ်ချိန်ချိန်မှာ "ဘဝထဲကကျောင်း" ပို့ခံရတတ်ပါသည်။ "ကောင်းတဲ့လူ" လူကောင်းများကတော့ "ထောင်"နှင့် အလှမ်းဝေးပါသည်။ သို့ဖြစ်၍ ကျောင်းနှင့် ထောင်သည် ဆက်စပ်နေပါသည်။ "ကျောင်းကောင်း"များ ပေါ်မှ အကျဉ်းထောင်အရေအတွက်နှင့် ထိုနေရာကို အပို့ခံရသူအရေအတွက်သည်လည်း လူ့အဖွဲ့အစည်းတွင် နည်းလာမည်ဖြစ်ပါသည်။

**ဒုတိယအဖြေ**မှာ ကျောင်းဆိုသည်မှာ စာသင်ခန်းထဲ သင်ကြားသည့်သင်ခန်းစာကို အခြေခံပြီး ကမ္ဘာတစ်ခွင်ကို လှမ်းမြင်တတ်အောင်၊ လောကအကြောင်းကြည့်တတ်ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတကျစွာနေထိုင်တတ်အောင် လေ့ကျင့်ပေးသည့်နေရာပါ။ မိမိပတ်ဝန်းကျင်၊ ထို့အပြင် ကမ္ဘာတစ်လွှားဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲလူမှုပြဿနာများ၊ မိမိနေထိုင်ရာအရပ်နှင့် ကမ္ဘာကြီး၏အကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း စသည်တို့ကို သိရှိနားလည်အောင် ကျောင်းစာသင်ခန်းထဲမှ လှမ်းကြည့်နိုင်သည့်အလေ့အကျင့်ကို ရရှိလာအောင် လေ့ကျင့်စေခြင်းပါ။ ယင်းနောက် မိမိ၏လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ကို ပိုမိုကောင်းအောင် စွမ်းဆောင်နိုင်ရန် လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များ သိသွား၊ မြင်သွားအောင် ဉာဏ်မျက်စိအမြင်ဖွင့်ပေးသည့်နေရာပါ။ သင်ရိုးစာအုပ်ထဲမှ ဖတ်စာသည် ဆရာကသင်ပေး၊ တပည့်က သင်ယူပြီးလျှင် စာမေးပွဲအဖြေလွှာပေါ်မှာပြန်ရေး၊ ဆရာ ဆရာမကို ပြန်အပ်ခဲ့သည့် စာသင်ခန်းမှာ အဆုံးသတ်ရမည့်အရာမဟုတ်ပါ။ ဖတ်စာအုပ်ထဲမှ စာကို နမူနာ၊ ဥပမာပြုပြီး ဘဝထဲအထိ ယူဆောင်သွားတတ်အောင် သင်ပေး လေ့ကျင့်ပေးရမည့်အရာပါ။

**အမြင်ကျယ်သူများဖြစ်လာအောင် လေ့ကျင့်ပေး**

ဉာဏ်မျက်စိကို ဖွင့်ပေးသည့် ကျောင်းကောင်းဆိုသည်မှာ သင်ခန်းစာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို လေ့လာလိုစိတ်၊ ပညာရပ်ကို သင်ရိုးမှာပါသည်ထက် ပိုသိချင်၊ ပိုတတ်ချင်စိတ် ရှိအောင်လည်း စိတ်ခံစားမြှင့်တင်ပေးနိုင်စွမ်းရှိပါသည်။ လူမှုဆက်ဆံရေးတော်ပြီး ခေါင်းဆောင်နိုင်မှုစွမ်းအားများကို ဖြည့်ပေးခြင်းပါ။ စာအုပ်ထဲမှစာသည် မပြည့်စုံသေးပါ။ နမူနာပေးခြင်းပါ။ သင်ရိုးထက်ကျော်လွန်ပြီး ကြည့်တတ်၊ မြင်တတ်အောင် လက်တွေ့အသုံးချတတ်သည့် အကျင့်ရလာရန် လိုပါသည်။ ယင်းကိုရရန် ဖွင့်ထားသည့်စိတ်ခံစား၊ ဖွင့်ထားသည့်အယူအဆပိုင်ဆိုင်အောင် ဖွင့်ပေးသည့်နည်းလမ်းများ သင်နည်းများနှင့် လေ့ကျင့်သင်ကြားပေးမှသာ **"ဉာဏ်မျက်စိဖွင့်ပေးသောကျောင်း"**၊ **"ပွင့်နေသောကျောင်း"**ပါ။ ကလေးများကို တွေးတတ်၊ ခေါ်တတ်၊ အမြင်ကျယ်သူများဖြစ်လာအောင် ပွင့်နေသည့်ကျောင်းများကသာ လေ့ကျင့်ပေးပါသည်။

ကျောင်းတွင် လေ့ကျင့်ပေးခြင်းသည် ကျောင်းစာသင်ခန်းထဲမှာသာ ကျင်လည်နေရုံ၊ စာမေးပွဲအတွက် အမှတ်ရရုံ၊ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်အတွက် သက်သက်သင်ပေးသည့် ကျောင်းသည် ပွင့်နေသောကျောင်းမဟုတ်ပါ။ မိမိသင်ခဲ့သည်ကို ဘဝထဲအထိ ယူသွားခွင့်မပေးဘဲ စာမေးပွဲ အဖြေလွှာပေါ်တွင် ထားခဲ့ခြင်းလောက်သာ လေ့ကျင့်ပေးခဲ့လျှင် မျိုးဆက်တိုင်းကို **"ဉာဏ်တံခါးပိတ်စေသောကျောင်း"** ဖြစ်သည့်အတွက် **"ပိတ်ထားသောကျောင်း"**ပါ။ ပညာသင်ကျောင်းတော့ ဟုတ်ကောင်းဟုတ်မည်၊ မိမိကိုယ်ကိုထိန်းကျောင်းနိုင်စွမ်းကို လေ့ကျင့်ပေးသည့် ကျောင်းကောင်းမဟုတ်သည်မှာ သေချာပါသည်။

ကျောင်းသည် လူတစ်ဦးချင်းစီနှင့် လူ့အသိုင်းအဝိုင်း၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုတင်ပြင်ဆင်ပေးရာနေရာပါ။ သို့ပါသောကြောင့် **"ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်း"** က လေ့ကျင့်ပေးသမျှသည် အောင်မြင်သောဘဝ လျှောက်လှမ်းနိုင်ဖို့၊ ဘဝမှာခလုတ်မထိ၊ ဆူးမငြိလျှောက်သွားနိုင်ဖို့ပါ။ ကလေးများကိုယ်တိုင်လည်း ကျောင်းတွင်သင်ပေးသမျှသည် သူတို့ရှေ့ဆက်ရမည့်ခရီးအတွက် ကြိုတင်ပြင်ဆင်မှုဟု ခံယူချက်ရသွားပါလိမ့်မည်။ ဤသို့ဆိုလျှင် ကျောင်းကိုလာသည့်သူများက ကျောင်းသည် မိဘက ကျောင်းကိုလွှတ်လိုက်၍ လာတက်ရခြင်း မဟုတ်တော့ပါ။ ကိုယ့်အတွက် ပျော်စရာနေရာမို့ ကျောင်းကိုလာသည်ဟု မြင်လာပါလိမ့်မည်။ ပြီးနောက် ဘဝနှင့် ကျောင်းသည်လည်း တစ်ထပ်တည်းဆိုပြီး မြင်လာကာ ဘဝတွင်ဆက်လက်လေ့လာသင်ယူစရာအပြည့်လို့ ခံယူလာပါလိမ့်မည်။

ကျောင်း၏ အဓိကရည်မှန်းချက်မှာ အထက်ပါအတိုင်း။ တော်သလောက်ကောင်းသည့် "နိုင်ငံကြီးသား"၊ "တန်ဖိုးမြင့်လူသား" အရည်အသွေးပြည့်ဝသူများ ပေါ်ထွန်းဖို့ပါ။ နိုင်ငံကြီးသားဟုဆိုသည့် တန်ဖိုးပြည့်နိုင်ငံသားကောင်းဆိုသည်မှာ "စာ" တတ်ခြင်း၊ "စာ" တော်ခြင်းတစ်ခုတည်းနှင့် လုံးဝမလုံလောက်သေးပါ။ ကျောင်းကထွက်သွားလျှင် လောကကောင်းကျိုး သယ်ပိုးနိုင်စွမ်းရှိရပါမည်။ မိမိ၏ အလုပ်ခွင်နှင့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးများတွင် ဦးဆောင်နိုင်စွမ်းလည်း ပြည့်နေရပါမည်။ ကျောင်းတွင် လေ့လာခဲ့သည့် "ပညာ" ကို အခြေခံပြီး မိမိဝန်းကျင်၊ ထိုမှတစ်ဆင့် လူသားဝန်းကျင်၊ လူ့အဖွဲ့အစည်းကောင်းကျိုး သယ်ပိုးနိုင်စွမ်း ရှိရပါမည်။ ယင်းတို့မှာ စာမေးပွဲရမှတ်ထက်သာသည့် လူ့တန်ဖိုးများဖြစ်ပါသည်။

ထို့ကြောင့် ကျောင်း၊ ကျောင်းဆရာနှင့် ကျောင်းသင်ပညာရေး၏သင်ရိုးများက ကျောင်းရောက်လာသည့် လူသားမျိုးဆက်များကို ဉာဏ်မျက်စိဖွင့်ပေးနိုင်ရပါလိမ့်မည်။ ဖွံ့ဖြိုးသောပညာရေးကို အကောင်အထည်ဖော်သည့်ကျောင်းကောင်း၏ သင်ရိုးသည် အပြင်ကိုမြင်နိုင်စွမ်းမရှိအောင် ပိတ်ထားခြင်းမျိုး လုံးဝမဖြစ်သင့်ပေ။ ခေတ်မီသင်ရိုးကောင်းဆိုသည်မှာ ပတ်ဝန်းကျင်နှင့်အမြဲဆက်စပ်နေရပါမည်။ ထို့နောက်ကလေးများကိုလည်း ဆက်စပ်တတ်အောင် လေ့ကျင့်ပေးရပါမည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းကောင်းမိတ်ဆွေရင်းများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ နယ်စပ်ဒေသများ၌ နှစ်နိုင်ငံပြည်သူများ ရင်းနှီးချစ်ကြည်စွာ ဝင်/ထွက်သွားလာနေမှု၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့် ပြန်လည်ဝင်ရောက်မည့်သူများ၏ အချက်အလက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြန်ကြားပြီးစီးမှု၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုများ အဆင်သင့်ဖြစ်နေသော်လည်း ပြန်လည်ဝင်ရောက်မည့်အစီအစဉ် ပျက်ပြားစေရန် နိုင်ငံ၊ အဖွဲ့အစည်းအချို့က စီစဉ်ဆောင်ရွက်နေမှု အခြေအနေ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရ အချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးထွန်း Pagoda Digital Directory ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည့် Pagoda Digital Directory ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ တန်ခိုးကြီးဘုရားကိုးဆူ ဂေါပကအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တန်ခိုးကြီးဘုရားများ၏ သတင်းအချက်အလက် အကြောင်းအရာများကို Digitalize အဖြစ် ဆောင်ရွက်ရာတွင် Directory မူကြမ်းအတည်ပြုပြီးပါက Software ဖြင့် Screen တင်ပြီး IT Law ဖြင့် စနစ်တကျ စာချုပ်ချုပ်သွားကြရန်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားကိုးဆူ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို Digitalize ပြုလုပ်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ထင်ရှားသည့် စေတီပုထိုးများ၊ တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိတန်ခိုးကြီး စေတီပုထိုးများအား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် ဂေါပကအဖွဲ့ဝင်များနှင့် နည်းပညာပိုင်းဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)ဒုတိယပါမောက္ခချုပ်က ပြည်ရွှေဆံတော်ဘုရားတွင် ဝက်ဘ်ဆိုက်ဆောင်ရွက်ထားရှိမှုနှင့်ရွှေဆံတော်ပြတိုက်တွင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန တာဝန်ရှိသူများက အမျိုးသားပြတိုက် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်နောင်က Pagoda Digital Directory ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးနေသည့် Data Center နှင့် အခြားလိုအပ်သည့်နည်းပညာဆိုင်ရာ အကြံပြုခြင်း အပိုင်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိဘုရား၊ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာစေတီ၊ ကျိုက်ထီးရိုးစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်၊ မြသလွန်စေတီ၊ ရွှေဆံတော်စေတီနှင့် ရှစ်သောင်းဘုရား စသည့် တန်ခိုးကြီးဘုရားကိုးဆူမှ ဂေါပကအဖွဲ့ ကိုယ်စားလှယ်များက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော် အရှေ့ဘက်ဝန်ထမ်းအိမ်ရာ (၁၀)ခန်းတွဲ လေးထပ်ဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံပြီးစီးပါက ဝန်ထမ်းများအား စနစ်တကျခွဲဝေချထားရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်၌ (၁၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**နမ့်စန် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့နယ်၌ (၁၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက နမ့်စန်ကျေးရွာအုပ်စု ထင်ရှူးမြိုင်ကျေးရွာရှိ ELEVEN FUTSAL ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးဝင်းက အဖွင့်မိန့်ခွန်း ပြောကြားပြီး



ပြိုင်ပွဲဝင် အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုအလေးပြုကြသည်။

ဆက်လက်၍ ဖွင့်ပွဲ ပထမပွဲစဉ်အဖြစ် Sayar Moung FC ဖူဆယ်ဘောလုံးအသင်းနှင့် Old Star ဖူဆယ်ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ Sayar Moung FC အသင်းက ၁၀ ဂိုး-၃ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နမ့်စန်ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်ဖူဆယ်အသင်းခြောက်သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သူရအောင်(နမ့်စန်)**

# တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်

**တိုက်ကြီး စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် ပညာပေးရေး အစီအစဉ်များ ဆောင်ရွက်ခြင်း အခမ်းအနားကို တိုက်ကြီး (မြို့မ) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။



ဦးစွာ တိုက်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်က အဖွင့်အမှာစကား ပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစန်းအေးက သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် ပညာပေးရေး အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တိုက်ကြီးခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် ပညာပေးအစီအစဉ်တွင် ပါဝင်သောဂိမ်းများဖြင့် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်သူများဖိုရမ်သို့ တက်ရောက်







**နေပြည်တော် စက်တင်ဘာ ၂၇**

ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် (UNWTO)နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ပူးပေါင်း၍ ဆော်ဒီအာရေဗျနိုင်ငံ၏မြို့တော် Riyadh (ရီရတ်ဒ်) မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယနေ့တွင် ကျရောက်သော ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်သူများဖိုရမ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး (ရီရတ်ဒ်)မြို့မှ သံအမတ်ကြီး ဦးတင်ယုတို့ ပါဝင်တက်ရောက်ကြသည်။

**အခမ်းအနားကို ဖွင့်လှစ်ပေး**

ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် အိမ်ရှင် ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Mr. Ahmed Al Khateeb နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili တို့က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက် စကားများ ပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒါရိုက်တာ Ms. Natalia Bayona က ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှု မူဘောင်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲ (panel session)များအား ဆက်လက်ကျင်းပရာ တူရကီနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr. Mehment Nuri Ersoy နှင့် ဆွေးနွေးသူများက ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေး ဆောင်ရွက်ချက်များတွင် လူငယ်ခရီးသွားများ၏ စိတ်ပါဝင်စားမှုများ မြင့်တက်လာသည့် အခြေအနေ အပါအဝင် ခရီးသွားလုပ်ငန်း၏ စွမ်းအားနှင့် ဆက်နွယ်ဆောင်ရွက်သူများအကြား ပေါင်းကူးတံတား အဖြစ် တည်ရှိနေမှုတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Rizki Handayani Mustafa နှင့် ဆွေးနွေးသူများက ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးနှင့် ကျွမ်းကျင်မှုများ ထူထောင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Rosa Ana Morillo Rodriguez နှင့် ဆွေးနွေးသူများက ခရီးစဉ်ဒေသများတွင် ရင်းနှီးမြှုပ်နှံခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပပြီး ဥဇဘက်ကစ္စတန်၊ တန်ဇန်းနီးယားအပါအဝင် နိုင်ငံပေါင်း ၁၂၀ မှ အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ် ၅၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

**တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ခရီးသွားလုပ်ငန်းဦးဆောင်သူများ ဖိုရမ်သို့ ဆက်လက်ပါဝင် တက်ရောက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားနှင့် ဖိုရမ်ကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လျော့နည်း ကျဆင်းခဲ့ရသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အခြေအနေကို ပြန်လည်တိုးတက်ကောင်းမွန်၍ ကြံ့ကြံ့ခံစေရန်နှင့် Agenda 2030 (အာဂျင်ဒါ ၂၀၃၀) နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ(SDGs)အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ၂၀၂၃ ခုနှစ်အတွက် "ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး" ဟူသော ဦးတည်စာသားဖြင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံကြရန် လည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသည့် ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် ကမ္ဘာမြေကြီးအတွက် ရင်းနှီးမြှုပ်နှံကြရန်လည်းကောင်း၊ တီထွင်ဆန်းသစ်ခြင်း၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုများ စသည်တို့တွင် စနစ်တကျ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကြွယ်ဝချမ်းသာမှုကို ပိုမိုအလေးထား ဖော်ဆောင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးဆောင်သောအဖွဲ့သည် နံနက်ပိုင်းတွင် ဘန်ဘားကျေးရွာအုပ်စု လှော်ကက်တောင်ကျေးရွာနှင့် အောင်ဘိသိက်ကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ဆရာ ဆရာမများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင် မိသားစုများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် မိသားစုများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မအုပ်စု ဘို့မသံတောင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ဆက်လက်၍ နေပြည်တော် လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဘို့မသံတောင် အခြေခံပညာမူလတန်းလွန်ကျောင်း အဝင်လမ်း၊ ဘို့မသံတောင် သာသနာ့ရောင်ခြည်ကျောင်းတိုက် ကျောင်းအဝင်လမ်းတို့ကို ကွန်ကရစ်လမ်းခင်းရန် တိုင်းတာခြင်းနှင့် သံပန်းတံခါးတပ်ဆင်ရန် တိုင်းတာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် နန်းလွင်စန်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပြဒါးချောင်းကျေးရွာရှိ ပြဒါးချောင်းရွာဦးကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျေးရွာနေ ဒေသခံပြည်သူများ လျှောက်ထားသည့် မီတာပုံးများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပြဒါးချောင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အတန်းလိုက် ပညာသင်ကြားနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးအပ်၍ စာသင်ဆောင်အသစ်နှင့် သိပ္ပံဆောင်တို့တွင် လျှပ်စစ်မီးများ တပ်ဆင်အသုံးပြုနိုင်ရန် ကျောင်းဆောင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြသီတာကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများကို ဆေးစိမ်ခြင်ထောင်များပေးအပ်၍ မြသီတာကျေးရွာမှ ဒေသခံပြည်သူများ လျှောက်ထားသည့် မီတာပုံးများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းအိမ်ရာအတွင်း လျှပ်စစ်မီးရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# ခွေးရူးရောဂါကြောင့် သေဆုံးမှုလျော့ပါးစေရေး ပူးပေါင်းဆောင်ရွက်

တင်ထက်ထက်ဇော်

ခွေးရူးရောဂါ ကာကွယ်ဆေးကို ပထမဆုံးရှာဖွေဖော်ထုတ်နိုင်ခဲ့သော သိပ္ပံပညာရှင် Louis Pasteur ၏ တွေ့ရှိချက်နှင့် ဆောင်ရွက်ချက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကြီးမှူး၍ နှစ်တစ်နှစ်၏ စက်တင်ဘာလ ၂၈ ရက်နေ့ကို "ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့" အဖြစ် သတ်မှတ်ကာ ထိုနေ့သို့ ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခွေးရူးပြန်ရောဂါနှင့် ပတ်သက်၍ ပြည်သူဗဟိုပြု အသိပညာပေးလှုံ့ဆော်မှုများကို အသိပေးလျက်ရှိသည်။ WHO ၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် တစ်ဦးနှုန်း ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကာ အာရှနှင့် အာဖရိကနိုင်ငံများ၏ ဆင်းရဲသောကျေးရွာများတွင် ထိခိုက်မှုပိုမိုဖြစ်ပွားကြောင်းနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပူးပေါင်းပါဝင်ထိုးနှံထားခြင်းဖြင့် ၎င်းရောဂါကြောင့် ကွယ်လွန်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

### ခွေးရူးရာဇဝင်

ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ဝန်းကျင်မှစ၍ သတိပြုမိခဲ့ကြကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရသည်။ ၁၇၆၈ ခုနှစ်က အမေရိကန်ပြည်ထောင်စု မန်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး ပြင်သစ်နှင့် မြောက်အမေရိကတိုက်အထိ ကူးစက်ပျံ့နှံ့ခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ဘေးဆိုးကပ်ဆိုးတစ်ခုအဖြစ် ယူဆခဲ့ကြသည်။ ထို့ကြောင့် ခွေးရူးဟု သံသယရှိသောခွေးကိုက်ခံရပါက ထိုသူသည် မိမိကိုယ်ကို အဆုံးစီရင်ရခြင်း သို့မဟုတ် အခြားသူများက ဝိုင်း၍သတ်ဖြတ်သည်ကို ခံရခြင်းဖြင့် ကိစ္စတုံးစီရင်လေ့ရှိသည်။ တချို့ဒေသများတွင်လည်း ခွေးရူးရောဂါသည် လျှာမှစတင်ဖြစ်ပွားသည်ဟု ယူဆကာ ခွေးရူးပြန်ရောဂါဖြစ်နေသော လူ၊ တိရစ္ဆာန်တို့၏ လျှာကို အရင်းမှ ဖြတ်တောက်ခဲ့ကြသည့် ရိုးရာဓလေ့ရှိခဲ့သည်။ ၁၈၈၅ ခုနှစ် ရောက်မှသာ Louis Pasteur ဟုဆိုသည့် သိပ္ပံပညာရှင်က ခွေးရူးပြန်ရောဂါအတွက် ကာကွယ်ဆေးကုထုံးကို စတင်တီထွင်ခဲ့သည်။

### ခွေးရူးရောဂါဖြစ်ရသောအကြောင်းရင်း

ခွေးရူးရောဂါသည် Rhabdo (ခေါ်) ကျည်ဆန်ပုံဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့အစည်းကို အဓိကတိုက်ခိုက်သည်။ ၎င်းဗိုင်းရပ်စ်က လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးကို ကူးရောက်စေနိုင်သည်။ ယနေ့ကမ္ဘာပေါ်တွင် ၎င်းဗိုင်းရပ်စ်အဖြစ်များသော သတ္တဝါများမှာ ခွေး၊ ကြောင်၊ မြေခွေး၊ တောခွေး၊ ဝက်၊ နွား၊ သိုး၊ ဆိတ်၊ လင်းနို့၊ ဝံပုလွေ၊ ခွေးအ စသည့် တိရစ္ဆာန်များဖြစ်ကြသည်။ အာရှနှင့် အာဖရိကနိုင်ငံများတွင် ခွေးနှင့် ကြောင်တို့ကြောင့် ခွေးရူးရောဂါဖြစ်ပွားကြပြီး တောင်အမေရိကတိုက်များတွင် လင်းနို့များမှ တစ်ဆင့် ခွေးရူးရောဂါ အများဆုံးပြန့်ပွားလေ့ရှိသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)၏ စစ်တမ်းအရ လူများတွင် ခွေးရူးရောဂါဖြစ်ရခြင်း၏ ၉၉ ရာခိုင်နှုန်းအထက်သည် ခွေးကိုက်ခံရခြင်းကြောင့် ဖြစ်ရကြောင်း လေ့လာမှတ်သားရပါသည်။

### ခွေးရူးပြန်ရောဂါနှင့်ကမ္ဘာ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ခွေးရူးရောဂါ ဖြစ်ပွားနေဆဲဖြစ်ပြီး နိုင်ငံတော်တော်များများက ထိုရောဂါအန္တရာယ်ကို အလေးထားထိန်းချုပ်ရန် ကြိုးစားနေကြသည်။ တစ်ကမ္ဘာလုံးခြုံကြည့်ရာ၌ နှစ်စဉ်နှစ်တိုင်းခွေးကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးရသောလူဦးရေ ၁၀ သန်းခန့်ရှိပြီး ယင်းရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ၅၅၀၀၀ ခန့် ရှိနေသည်။ ထိုသေဆုံးမှုပမာဏသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ၎င်းတို့အနက် လူအများစုမှာ အာရှနှင့် အာဖရိကတိုက်များမှဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါမတိုင်ခင်ကာလအထိ ကောက်ယူခဲ့သော စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် ခွေးရူးရောဂါကြောင့် သေဆုံးသူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ဗီယက်နမ်နိုင်ငံဖြစ်ကာ ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ခွေးရူးရောဂါအန္တရာယ် အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

အတုယူဖွယ်ရာအဖြစ် ဗြိတိန်နိုင်ငံသည် ပထဝီအနေအထားအရ ကျွန်းစုနိုင်ငံဖြစ်ကာ ခွေးရူးရောဂါကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် ခွေးရူးရောဂါပိုးရှိသောတိရစ္ဆာန်များ မိမိနိုင်ငံတွင်းသို့ မဝင်ရောက်နိုင်စေရန် တင်းကျပ်စွာကာကွယ်တားဆီးခဲ့ပါသည်။ ထို့ကြောင့် ဗြိတိန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ခွေးရူးရောဂါကင်းစင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ဘေးကင်းစွာရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ဥရောပနိုင်ငံအများစုကလည်း ခွေးရူးရောဂါကင်းစင်သောနိုင်ငံအဖြစ် ဆောင်ရွက်နိုင်ခဲ့ကြသည်။




### မြန်မာနိုင်ငံနှင့် ခွေးရူးပြန်ရောဂါအခြေအနေ

မြန်မာနိုင်ငံတွင် ခွေးလေခွေးလွင့်များ သိသိသာသာတိုးပွားလာမှုကြောင့် ခွေးရူးပြန်ရောဂါအန္တရာယ်နှင့် တွေ့ကြုံနေကြရသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ပူးပေါင်း၍ မြန်ပြည်တစ်ဝန်း ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းမှစ၍ အင်တိုက်အားတိုက်အခမဲ့ထိုးနှံလာခဲ့သည်။ မည်မျှပင်ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေပါသော်လည်း ပူပြင်းသောနွေရာသီရောက်လျှင် နယ်မြို့များတွင် မကြာခဏဆိုသလို ခွေးရူးကိုက်ခံရသောအန္တရာယ်များဖြင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ထို့ကြောင့် ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မြို့နယ်၊ ကျေးရွာအုပ်စုအသီးသီးရှိ ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ကျေးရွာနေပြည်သူများတွင် ခွေးရူးရောဂါ ကာကွယ်ရေးအသိအမြင်များ တိုးပွားလာစေရန်နှင့် ကာကွယ်ဆေးထိုးနှံခြင်းအလေ့အထကောင်းများ တိုးပွားလာစေရန်အတွက် ပညာပေးဟောပြောပွဲများလည်း အစဉ်တစိုက်ဆောင်ရွက်လာခဲ့သည်။

> **မြန်မာနိုင်ငံတွင် ခွေးလေခွေးလွင့်များ သိသိသာသာတိုးပွားလာမှုကြောင့် ခွေးရူးပြန်ရောဂါအန္တရာယ်နှင့် တွေ့ကြုံနေကြရသည်။ ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မြို့နယ်၊ ကျေးရွာအုပ်စုအသီးသီးရှိ ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ကျေးရွာနေပြည်သူများတွင် ခွေးရူးရောဂါကာကွယ်ရေး အသိအမြင်များ တိုးပွားလာစေရန်နှင့် ကာကွယ်ဆေးထိုးနှံခြင်းအလေ့အထကောင်းများ တိုးပွားလာစေရန်အတွက် ပညာပေးဟောပြောပွဲများလည်း အစဉ်တစိုက်ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ခွေးများတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့ချနိုင်ရန်အတွက် အမျိုးသားစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ရေးဆွဲထားပြီး ထိုစီမံကိန်းအရ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့တွင် ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို One Health Strategy အနေဖြင့် ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ ပါဝင်လုပ်ဆောင်ကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများကိုလည်း လိုအပ်သော ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ခွေးရူးရောဂါကြောင့် ဆုံးရှုံးမှုများလျော့ပါးစေရန် အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက၊ မွေးမြူရေးသမားများ၊ အထောက်အပံ့ပေးသူများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ဟန်ချက်ညီညီ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော အောင်မြင်မှုကို ရရှိမည်ဖြစ်ပြီး "၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါ လူ၌ကူးစက်မှု သုညအထိ လျှော့ချနိုင်ရေး" ဆိုသည့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်လည်း အောင်မြင်မည်ဖြစ်ကြောင်းကို မွေးမြူရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

### ကြောက်စရာ ခွေးရူးပြန်ရောဂါ

တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားလျှင် တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များစွာ ပါဝင်နေပြီး အခြားတိရစ္ဆာန်ကို ကိုက်လိုက်သောအခါ အနာထဲသို့ တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များ ဝင်သွားကာ ရောဂါကူးစက်စေပါသည်။ ခွေးရူးကိုက်ခံရသောသူတွင် ၎င်းရောဂါပိုးကူးစက်ခံရပါက ဒဏ်ရာမှစ၍ အာရုံခံ (Nerves) ဆဲလ်များမှတစ်ဆင့် ဦးနှောက်ဆီသို့ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် တစ်စတစ်စပျံ့နှံ့သွားသည်။ ၎င်းပိုး ဦးနှောက်ဆီသို့ ရောက်သွားချိန်တွင် မည်သည့်နည်းနှင့်မျှ ကုသနိုင်စွမ်းမရှိတော့ဘဲ အသက်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ခွေးရူးကိုက်ခံရပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ချက်ချင်းထိုးနှံပေးရန် အရေးကြီးသည်။ အကိုက်ခံရပါက သွေးထွက်မလွန်အောင် ဒဏ်ရာပေါ် လက်မဖြင့် ဖိထားပါ။ မိမိအိမ်တွင် ဒဏ်ရာကို ရေများများသုံးပြီး ဆပ်ပြာ သို့မဟုတ် Dettol ကဲ့သို့သော ပိုးသတ်ဆေးတစ်ခုခုဖြင့် အနည်းဆုံး အချိန်ဆယ်မိနစ်ကျော်ကြာသည်အထိ ရေစင်စင်ဖြင့် ဆေးကြောပေးရန်လိုပါသည်။ ထို့နောက် နီးစပ်ရာဆေးခန်း သို့မဟုတ် ကျန်းမာရေးဌာနသို့ ဆောလျင်စွာသွားပြီး ဆရာဝန် ညွှန်ကြားသည့်အတိုင်းလိုက်နာ၍ ကာကွယ်ဆေးကို အပြည့်အဝထိုးနှံရပါမည်။

### ခွေးရူး၏ အမူအကျင့်များ

ခွေးရူးရောဂါဖြစ်နေသော ခွေးတစ်ကောင်၏ အမူအကျင့်များမှာ ရုတ်တရက်အမူအရာပြောင်းသွားခြင်း၊ ထိုင်းမှိုင်းခြင်း၊ အစာမစားခြင်း၊ အဖျားတက်ခြင်း၊ ၎င်းအား မည်သူကမျှ စိတ်ဆိုးအမျက်ထွက်အောင်မလုပ်ပါဘဲ သူ့အလိုလို ရန်လိုနေပြီး ကိုက်တတ်ခြင်း၊ တုတ်ချောင်း သို့မဟုတ် စက္ကူစသည်ဖြင့် မြင်မြင်ရာကို ကိုက်ဝါးခြင်း၊ ကြောက်ရွံ့အားငယ်နေခြင်း၊ ဦးတည်ရာမဲ့ပြေးသွားခြင်း၊ အသံအက်ဖြင့် အူခြင်း၊ ဟောင်ခြင်း၊ အစာနှင့် ရေကိုမျိုချရန်ခက်ခဲခြင်း၊ နောက်ဘက်ခြေထောက်များဆိုင်းသွားခြင်း၊ အလင်းရောင်ကို ကြောက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊ ခက်ခက်ခဲခဲအသက်ရှူခြင်း၊ မေးရိုးများ ဟနေခြင်း၊ သွားရည် သို့မဟုတ် တံတွေးများ လွန်ကဲစွာထွက်ကျခြင်း စသည်တို့ဖြစ်သည်။

### လူတွင်တွေ့ရသော ခွေးရူးပြန်ရောဂါလက္ခဏာများ

ခြေထောက်တွင်ကိုက်ခံရပါက ပျမ်းမျှ ၆၄ ရက်ခန့်၊ လက်မောင်းတွင် ကိုက်ခံရပါက ၃၂ ရက်ခန့်၊ မျက်နှာနှင့် လည်ပင်းအနီးတစ်ဝိုက်တွင် အကိုက်ခံရပါက ၂၇ ရက်ခန့် ကြာမြင့်ပြီးနောက် ခွေးရူးပြန်ရောဂါလက္ခဏာများကို ယခုကဲ့သို့ခံစားရတတ်ပါသည်။ ၎င်းတို့မှာ တုပ်ကွေးရောဂါဖြစ်သကဲ့သို့ ခန္ဓာကိုယ်၊ လက်နှင့် ဦးခေါင်းကိုက်ခဲခြင်း၊ အလွန်အမင်းမောပမ်းနွမ်းနယ်ခြင်း၊ ခွေးကိုက်ခံရသောဒဏ်ရာမှ စူးစူးနစ်နစ် ယား၍နာကျင်ခြင်း၊

စာမျက်နှာ ၁၁ သို့



## နိုင်ငံရေးပါတီများမှ ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ ပူးပေါင်းစစ်ဆေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်ခွဲ၊ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ စိစစ်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းဦးက နိုင်ငံရေးပါတီများ အနေဖြင့် တင်ပြထားသည့် ပါတီဝင်အင်အားများ မှန်ကန်မှု ရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ ပါတီဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မှန်/မမှန်၊ မိဘအမည်၊ နေရပ်လိပ်စာ မှန်/မမှန်၊ ၎င်းတို့ ပါတီဝင်ဖြစ်ကြောင်း ပါတီအဆိုပြုလွှာနှင့် ပါတီဝင်အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးထားရှိမှုတို့ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့က စိစစ်ရာတွင် သက်ဆိုင်ရာပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများကလည်း ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်အလိုက် စစ်ဆေးခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲအရာရှိများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း) အတွင်းရှိ ပါတီဝင်အင်အားစာရင်းများ စစ်ဆေးမှုခံယူနေသည့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ပါတီတာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမများ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိများက နိုင်ငံရေးပါတီများအနေဖြင့် တင်ပြထားသည့် ပါတီဝင်အင်အားများ မှန်ကန်မှု ရှိ/မရှိ၊ သတ်မှတ်အဖွဲ့အစည်းများက စိစစ်ရာတွင် သက်ဆိုင်ရာပါတီ၏ မြို့နယ်ပါတီတာဝန်ခံများက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုသာ ပါတီများက ပေးပို့လာသော ပါတီဝင်အင်အားစာရင်းသည် ပြည့်စုံမှန်ကန်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ပါတီဝင်အင်အားစာရင်းဖြစ်လာမည်ဖြစ်သဖြင့် အလေးထားဂရုပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် စစ်ဆေးခြင်းကိုသတ်မှတ်ကာလအတွင်း ပြီးစီးစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ “ဝ” အမျိုးသားပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်များက သတ်မှတ်ကာလအတွင်း စိစစ်ရေးလုပ်ငန်းများ ပြီးစီးစေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများနေ့

INTERNATIONAL DAY OF OLDER PERSONS

“ သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ ”

“ Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations ”

၁.၁၀.၂၀၂၃ နေပြည်တော်

## မိုင်းရှူးမြို့နယ် ဝမ်လွိုင်ကျေးရွာအုပ်စုရှိပြည်သူများကို ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

မိုင်းရှူး စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းရှူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်ဝင်းနှင့် ဝန်ထမ်းများက ဝမ်လွိုင်ကျေးရွာအုပ်စုရှိဒေသခံ ပြည်သူများကို ပန်းခင်းစီမံချက်(၂) ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ Biometric အချက်အလက်များ ကောက်ယူခြင်း စသည်တို့ကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ရုံးတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းကို မိုင်းရှူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ



ဦးမောင်မောင်လွင်နှင့် အဖွဲ့ဝင်များက နံနက် ၁၁ နာရီတွင် သွားရောက်ကြည့်ရှု အားပေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝမ်လွိုင် ကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာတွင် အိမ်ထောင်စု ၃၀၀၊ လူဦးရေ ၇၂၅ ဦးရှိပြီး စက်တင်ဘာ ၂၇ ရက် အထိ Biometric အချက်အလက်စာရင်းကောက်ယူပြီးစီးမှု ၃၉၀ နှင့် ၁၆ နှစ်အထက် ပြည်သူ ၆၂ ဦးကို နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုစာရင်းပြုလုပ်ပေးခြင်း၊ မွေးတိုးထည့်သွင်းခြင်းနှင့် သေဆုံးပယ်ဖျက်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ကန်ကြီးထောင့် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ဝါးဒူး-အနောက်စုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာရှိ ဝါးဒူး-အနောက်စုလမ်းသည် ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၅၆၄ အိမ်၊ လူဦးရေ ၂၅၀၆ ဦးကို အကျိုးပြုသောလမ်းဖြစ်ပြီး လမ်းအရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မ ရှိသည်။

အဆိုပါလမ်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ၁၄၄ ဒသမ ၇၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွေးကိုကိုနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူမင်းတို့က ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့စေရန် အတွက် အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✣ စာမျက်နှာ ၁၀ မှ

မအီမသာဖြစ်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ပျို့အန်ခြင်း၊ တစ်ကိုယ်လုံးကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ရေကြောက်ခြင်း၊ ရေဆာသော်လည်း ရေကို ထိတွေ့မြည်းစမ်းရမည်ကို တွန့်ဆုတ်နေခြင်း၊ လည်ချောင်းရောင်၍နာခြင်း၊ အိပ်စက်မရခြင်း၊ ဂနာမငြိမ်ခြင်း၊ သွားရည်များစွာထွက်ခြင်း၊ တက်ခြင်း၊ အစာစားချင်စိတ်မရှိတော့ခြင်း၊ အားနည်းခြင်း၊ ဦးနှောက်အမြှေးပြင်းထန်စွာရောင်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ အလင်းရောင်ကို မခံစားနိုင်တော့ခြင်း၊ ပါးစပ်မှ တံတွေးများစီးကျခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ လေဖြတ်သကဲ့သို့ အဆစ်အမျက်များဆိုင်းသွားခြင်း စသည်တို့ဖြစ်ကြသည်။

ခွေးရူးကိုက်ခံရပါက မည်သည့်အစားအစာမျှ အထူးရှောင်ရှားရန် မလိုအပ်ဘဲ ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း နေထိုင်စားသောက်ရန် လိုပါသည်။ ခွေးကိုက်ခံရပါက ခွေးတောက်ရှက်မစားရဟု ရှေးရိုးစွဲရှိကြသော်လည်း အခါးအရသာဖြစ်သော ခွေးတောက်ရှက်က သွေးကျေဒဏ်ကျေစေနိုင်သဖြင့် စားပေးနိုင်ပါသည်။ ပြည်မတည်စေရန်အတွက် ဝက်သားအဆီ၊ ဖီးကြမ်းငှက်ပျောသီး စားသုံးခြင်းရှောင်ပါ။

**ခွေး၊ ကြောင်ပိုင်ရှင်များ လိုက်နာရန်အချက်များ**

အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် မိမိ၏ခွေး၊ ကြောင်များကို ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးပေးပါ။ သက်ဆိုင်ရာကျန်းမာရေးဌာန၏ကြေညာချက်များကို စဉ်ဆက်မပြတ်လိုက်နာဆောင်ရွက်ရပါမည်။

အချုပ်အားဖြင့်ဆိုသော် ခွေးရူးပြန်ရောဂါဖြစ်ပေါ်ခံစားရပါက ကုရာနတ္ထိဆေးမရှိပါ။ ခွေးကိုက်ခံရပြီးနောက် ၁၀ နှစ်ကြာမှ ခွေးရူးပြန်ရောဂါ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် လမ်းမပေါ်ရှိ ပိုင်ရှင်မဲ့ခွေးကောင်းဖြစ်စေ၊ ခွေးရူးဖြစ်စေ အကိုက်ခံရပါက နီးစပ်ရာဆေးခန်းသို့သွား၍ ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ဘဝနောင်ရေးအတွက် စိတ်အေးနိုင်ပါမည်။ ခွေးရူးရောဂါသည် ကာကွယ်ဆေးဖြင့် ရာနှုန်းပြည့် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါတစ်ခုဖြစ်သဖြင့် အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် ယင်းရောဂါကြောင့် သေဆုံးမှုကို လျော့ပါးစေနိုင်ပါလိမ့်မည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အမျိုးသားရေးအသိစိတ်ဖြင့် ခွေးရူးရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားရင်း ခွေးရူးရောဂါဘေးဘယာမှ ကင်းဝေးကြပါစေ။ ။

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ

ဘားအံ စက်တင်ဘာ ၂၇

အနာဂတ်လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စကားဝိုင်းများတွင် ပါဝင်ဆွေးနွေးပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။



## အချိန်ကိုအကျိုးရှိရှိဖြင့်ပြုစုပျိုးထောင်

လူငယ်စကားဝိုင်းကို ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက လူငယ်ပွဲတော်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက လူငယ်လူရွယ်မောင်မယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ကဏ္ဍများတွင် သာတူညီမျှမှုရှိစွာဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူချွန်လူကောင်းများအဖြစ် မားမားမတ်မတ် ရပ်တည်သွားနိုင်စေရန် မိမိကိုယ်မိမိ အချိန်ကိုအကျိုးရှိရှိဖြင့် ပြုစုပျိုးထောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တိုင်းပြည်နှင့် အနာဂတ်အတွက် လူငယ်များ၏ အရေးပါမှု အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား/ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးခွန်းများပြန်လည်မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြသည်။

လူငယ်စကားဝိုင်းအပြီးတွင် လူငယ်များက Fitness Dance ဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပြည်နယ်ပညာရေးဌာနနှင့် အခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

## ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီက ခင်းကျင်းပြသထားသော လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော လူငယ်အသိပညာပေး စာအုပ်စာစောင်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေ ဘားအံပညာ့ရိပ်သာအိမ်ရာဝင်း တည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်သုံးမီတာများ ပြောင်းလဲတပ်ဆင်ပေးနိုင်ရေး၊ အရိပ်ရပန်းအလှပင်များ ထည့်သွင်းစိုက်ပျိုးပေးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဖြစ်စေရေး တာဝန်ရှိသူများကို မှာကြားကာ အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရှာင်မြို့နယ် မြင်းကျဒိုးအခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ရှာင် စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အထက(မြင်းကျဒိုး) မလိခခန်းမ၌ စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက (မြင်းကျဒိုး) ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်အကျင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မြင်းကျဒိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာယုံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ လူငယ်များ ဗလငါးတန် တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက(ဂန့်ဂေါ) ပုံညာခန်းမ၌ ကျင်းပသည်။

## ခေါင်းစဉ်များဖြင့်ယှဉ်ပြိုင်

ဦးစွာ အခမ်းအနားကို ဇာတိမာန်သီချင်းဖြင့်ဖွင့်လှစ်ပြီး ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အထက(မြို့မ)မှ မနှင်းအိဝေက ဆရာဝန်ကြီးဖြစ်ခဲ့ရင်၊ အလက(မြောက်ကုန်း)မှ မသဥ္ဇာလင်းလှဲ့က ပညာတတ်ကြီးဖြစ်ခဲ့ရင်၊ အလက (ကျောတိုက်)မှ မဒါယဉ်မိုးက သူဌေးကြီးဖြစ်ခဲ့ရင်၊ အလက(ခွဲ) စည်ပင်မှ မဟေမာန်မိုးက ရည်မှန်းချက်နှင့် အထက(ဂန့်ဂေါ)မှ မနှင်းထက်ထက်လှိုင်က ဆရာဝန်ကြီးဖြစ်ခဲ့ရင် စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး အထက(ဂန့်ဂေါ)မှ ကျောင်းသား ကျောင်းသူများက



နှလုံးသားကိုအလှဆင်ပါ၊ အလက(မြောက်ကုန်း)မှ ကျောင်းသူလေးများက ယောသူတို့ရွာ သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးရဲရန်ပိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေပြည်သာအထက(၄)၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရွှေပြည်သာ စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲက အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။

## ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက စာဖတ်ရှိန်မြင့်မာရေး အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး



မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မယဉ်မွန်(ကျုံပျော်)၊ အတွင်းရေးမှူး ချိုပန်းချီ(ပညာရေး)နှင့် လမ်းပြကြယ် စာကြည့်တိုက်မှူး ဦးမိုးလွင်တို့က စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော၍ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ခြောက်ဦးက ယနေ့လူငယ် နောင်ဝယ်လူကြီး၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ မူးယစ်ရန်စွယ် တို့ကာကွယ် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးက ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံတကာခရီးသွား ၃ ဒသမ ၅ သန်းခန့် စံချိန်တင်ဝင်ရောက်



ဖနောင်ပင် စက်တင်ဘာ ၂၇

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံတကာခရီးသွား ၃ ဒသမ ၅ သန်းခန့် စံချိန်တင်ဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၅၀ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

## ပြောကြား

ကမ္ဘောဒီးယားခရီးသွားနှစ် လည်ပတ်ရေး လှုပ်ရှားမှုနှင့်အတူ ကမ္ဘောဒီးယားသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ငါးသန်းခန့် ဝင်ရောက်ရေး ခန့်မှန်းထားသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ခရီးသွားလာရေး ဝန်ကြီးဌာန၏ အဆိုအရ နိုင်ငံသို့ နိုင်ငံတကာ ခရီးသွားဧည့်သည်ဝင်ရောက်သူ အရေအတွက် ၂၀၂၅ ခုနှစ်တွင် ခုနစ်သန်းအထိ ရှိလာနိုင်မည်ဟု ခန့်မှန်းထားသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးရပ်အနက် တစ်ခုဖြစ်သည်။

နိုင်ငံအတွင်းရှိ ဆီရမ်ယိပြည်နယ် အနောက်မြောက်ပိုင်းတွင် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်၊ ကန်ပေါင်သွန်ပြည်နယ် အလယ်ပိုင်းတွင် ဆန်ဗာပရီကွတ် ရှေးဟောင်းသုတေသနနယ်မြေ၊ ပယာဗီဟာဘုရားကျောင်းနှင့် ကိုကာရှေးဟောင်းသုတေသနနယ်မြေ စသည်ဖြင့် ကမ္ဘာ့ယဉ်ကျေးမှုအထိမ်းအမှတ်နေရာများ ရှိသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အီရတ်နိုင်ငံရှိ မင်္ဂလာဆောင်အခမ်းအနားတစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ လူ ၁၀၀ ကျော် သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံမြောက်ပိုင်း နီနာဗက်ရ်ပြည်နယ်တွင် မင်္ဂလာဆောင်အခမ်းအနားတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးပြီး ၁၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်နိုင်ငံပိုင်မီဒီယာက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်အထိ မီးလောင်မှုစတင်ဖြစ်ပွားသည့် အကြောင်းရင်းကို မသိရသေးပေ။ သို့သော် အခမ်းအနားကျင်းပစဉ် အသုံးပြုသည့် မီးရှူးမီးပန်းများမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်း ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း မီဒီယာများက သတင်းဖော်ပြသည်။

အခင်းဖြစ်ပွားပြီးနောက် အသက်ရှင်ကျန်ရစ်သူများကို ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းထားသည့် အပျက်အစီးများကို မှတ်တမ်းတင်ဗီဒီယိုများတွင် ကြည့်ရှုနိုင်သည်။ မင်္ဂလာခန်းမအတွင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသူ ၉၀၀ ကျော်က မီးရှူးမီးပန်းများ ထွန်းညှိခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ထို့နောက် ခန်းမအတွင်း မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အာဏာပိုင်များက ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့တစ်ဖွဲ့ကို အခင်းဖြစ်ရာနေရာသို့ ချက်ချင်းစေလွှတ်ခဲ့ကြောင်း သိရသည်။ မီးစတင်လောင်ကျွမ်းမှုအပေါ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# ဗီယက်နမ်နိုင်ငံက ဩဂုတ်လအတွင်း ရေနံတင်သွင်းမှုနှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးသုံးစွဲခဲ့

ဟနွိုင်း စက်တင်ဘာ ၂၇

ဗီယက်နမ်နိုင်ငံသည် ဩဂုတ်လအတွင်း ရေနံတန်ချိန် ၁ ဒသမ ၁ သန်းတင်သွင်းခဲ့မှုနှင့် စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ ၉၉၂ သန်း သုံးစွဲခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ နောက်ဆုံးစာရင်းအချက်အလက်များအရ သိရသည်။

ဩဂုတ်လအတွင်း တင်သွင်းခဲ့သည့် ရေနံပမာဏနှင့် တန်ဖိုးသည် ယခင်လနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်းနှင့် ၃၆ ဒသမ ၈ ရာခိုင်နှုန်းတို့ အသီးသီး မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်ပထမရှစ်လအတွင်း ရေနံအမျိုးအစားအားလုံးတင်သွင်းမှုပမာဏသည် ၇ ဒသမ ၂၂ သန်းတန်ချိန်ရှိပြီး တန်ဖိုးအားဖြင့် ၅ ဒသမ ၈၈ ဘီလီယံရှိကြောင်းနှင့် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရေနံတင်သွင်းမှုပမာဏသည် ၂၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ၅ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကမ္ဘာ့ဈေးကွက်မှတစ်ဆင့် ဓာတ်ဆီတင်သွင်းမှုတန်ချိန် ၁ ဒသမ ၄၈ သန်းရှိပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၈ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



# ဂျပန်နိုင်ငံ၏ အမြင့်မားဆုံးအဆောက်အအုံဖြစ်လာမည့် Torch Tower မိုးမျှော်တိုက် စတင်တည်ဆောက်

တိုကျို စက်တင်ဘာ ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့၌ နိုင်ငံ၏ အမြင့်မားဆုံးအဆောက်အအုံ ဖြစ်လာမည့် ၃၈၅ မီတာ မြင့်မားသော Torch Tower မိုးမျှော်တိုက်တစ်လုံးကို စတင်တည်ဆောက်လျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါမိုးမျှော်တိုက်သည် ၂၀၂၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ အထင်ကရနေရာတစ်ခုဖြစ်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆောက်လုပ်ရေးကုမ္ပဏီ Mitsu-bishi Estate သည် Torch Tower မိုးမျှော်တိုက်၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာ၌ အုတ်မြစ်ချသည့် အခမ်းအနားကို ယနေ့ကျင်းပခဲ့သည်။

Torch Tower မိုးမျှော်တိုက်ကို နိုင်ငံ၏အမြင့်ဆုံး မိုးမျှော်တိုက်အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံ၏ ဆွဲဆောင်မှုအရှိဆုံး အဆောက်အအုံအဖြစ်လည်း ဖန်တီးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာ နာကာဂျီမာ အော်ဆူရှီက ပြောကြားသည်။

Torch Tower မိုးမျှော်တိုက်သည် မြေပြင်အထက် ၆၂ ထပ်နှင့် မြေအောက်ထပ်တွင် လေးထပ်ပါဝင်မည်ဖြစ်သည်။ အလုပ်သမား ၂၀၀၀၀ အတွက် ရုံးခန်းနေရာအပြင် လူနေအိမ်များ၊ ဇိမ်ခံဟိုတယ်တစ်ခုနှင့် လူ ၂၀၀၀ ဆံ့ ခန်းမတစ်ခုတို့ ပါဝင်မည်ဖြစ်သည်။

Torch Tower သည် တိုကျိုဘူတာရုံအနီးတစ်ဝိုက် ပြန်လည်တည်ဆောက်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အလားတူ ရုံးခန်းများနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများပါရှိသော ၄၅ ထပ် အဆောက်အအုံတစ်ခုကိုလည်း မတ်လတွင် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံအတွင်း အခြားတည်ဆောက်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# လာအိုနိုင်ငံ၌ လျှပ်စစ်ကားသုံးစွဲမှု မြှင့်တင်မည်

ဗီယင်ကျန်း စက်တင်ဘာ ၂၇

လာအိုနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လောင်စာဆီ ပြည်ပမှ တင်သွင်းမှုလျှော့ချရေးအတွက် လျှပ်စစ်ကားသုံးစွဲမှုမြှင့်တင်မည်ဖြစ်ကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

လျှပ်စစ်ကားထုတ်လုပ်ရေးနှင့် လျှပ်စစ်ကားဘက်ထရီထုတ်လုပ်ရေးအတွက် မူဝါဒများချမှတ်မည်ဖြစ်ပြီး လျှပ်စစ်ကားများအတွက် အားသွင်းရုံများကို တိုးချဲ့တည်ဆောက်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် သက်ရောက်မှုများ မဖြစ်စေရန် သက်တမ်းလွန်ဘက်ထရီများကို ကိုင်တွယ်ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

စက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုဗန်ဗီလာဗန်က လာအိုနိုင်ငံတွင် လျှပ်စစ်ကားများ အသုံးပြုခြင်းသည် လောင်စာဆီတင်သွင်းမှုအတွက် ဘတ်ဂျက်ကို လျှော့ချရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

လာအိုအစိုးရသည် သယ်ယူပို့ဆောင်ရေးတွင် သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုကို မြှင့်တင်ရန်အတွက် ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ကားဆိုင်ရာ အစီအမံတစ်ရပ်၊ ၂၀၃၀ ပြည့်နှစ်တွင် မဟာဗျူဟာတစ်ရပ်နှင့် ၂၀၅၀ ပြည့်နှစ်တွင် မျှော်မှန်းချက်တစ်ရပ် ထားရှိဆောင်ရွက်နေသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၄၃၅ ကီလို သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၄၃၅ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ငါးတဲစုကျေးရွာအနီး တောလမ်းတွင် ပင်လောင်းဘက်မှ ရမည်းသင်းဘက်သို့ ကိုဖြိုး(ခ)အောင်သူဖြိုး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် အောင်ကျော်စွာ(ခ)ကျော်စွာ မောင်းနှင်လာသည့် Toyota Hilux Surf ယာဉ်တို့ကို သတင်းအရ ရှာဖွေရာ Surf ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့် အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "U Ye Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက်နေ ရဲမင်းထွန်း(ခ) ရဲထွန်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Maung Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပေါင်းတည်မြို့ ရွှေတည်(၁)ရပ်ကွက်နေ သဇင်မောင်အား ည ၉ နာရီခွဲတွင်လည်းကောင်း၊ "Ko Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်နေ ညီထက်အောင်(ခ) အထစ်အား ည ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ တပ်ကုန်းမြို့နယ် ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ရဲအုပ် စိုးနိုင်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ သောကြာထွန်း





(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ရဲမှူးအောင်ဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပင်းတယမြို့မ စခန်းမှူး ဒုတိယရဲမှူးအေးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးစိုးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၄၂ ဦးတို့ ပင်းတယမြို့၏ ကျက်သရေဆောင် ပုန်းတလုတ်ရေကန်နှင့် ရေကန်ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၉-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ်၊ ဟောဇ္ဈင်္ဂသုတ်၊အနတ္တလက္ခဏပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ 'ရွှေတောင်ဦးမှကျောင်းမြတ်တိပိဋက'
၀၉:၁၅ NRC အစီအစဉ်(ချင်း)
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ပင်အို'
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၆)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၃)
၁၄:၄၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၀)
၁၆:၃၅ တစ်ဦးတစ်ယောက်မှအစခွေးရူးပြန်ရောဂါ ကာကွယ်စို့
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ 'ဘယ်သူမှန်လဲအပြိုင်ကြဲ'
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ချုန်တွန်းနှင့်အဖိနှိပ်ခံရအပေါင်းဆိုင်' (ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်ဂုဏ်ပြု အစီအစဉ် 'လောကအငှောင်' ဆိုင်ပြောဇာတ်တော်ကြီး(ဒုတိယပိုင်း) (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သည်)
၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၅)

### mitv

07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Kyaikkale pagoda
07:27 Weaving Craft for a living
07:41 The Boat Trip to the Three Islands Around Ngwe Saung
08:01 News
08:26 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
08:43 Healthy Diet: Detox Water
08:52 World Rabies Day (28th September)
09:01 Danu Food: Pounded Crab Apple Salad
09:07 Karunar Kabar Home for the Aged (Nay Pyi Taw)
09:27 Clam Farming
09:44 Myanmar's Bamboo Hat
10:01 News

### MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
ထန်းပင်ပေါ်ကတို့ပေပေ
ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
လခြမ်းပြိုမှရိုးရာအလှ(အပိုင်း-၁)
ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
မိုးနဲဒေသ လွယ်လျှန်းကျောင်းမှ သမိုင်းဝင် လက်ရာများ
ဝ (၁၂:၀၀ မှ ၁၄:၀၀)
ကိုးကန့်အစားအစာ(ဝက်နားရွက်ကင်သုပ်နှင့် ဝက်အသည်းကြော်ပြုလုပ်နည်း)
ကချင် (၁၄:၀၀ မှ ၁၆:၀၀)
ကချင်တိုင်းရင်းသားမနောအက ဆွယ်ကဝစ်
ကယား (၁၆:၀၀ မှ ၁၈:၀၀)
ထူးဆန်းဖွယ်ရာ ဓလေ့ရိုးရာ(တံခွန်တိုင်ပွဲတော်)
ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
ဆီးချို၊သွေးချိုရောဂါအကြောင်းသိကောင်းစရာ
အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း
အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၉)
ချင်း(ဖလမ်း) (၂၁:၀၀ မှ ၂၂:၀၀)
အုံဖွယ်အစွမ်းထက်ချဉ်ပေါင်
ချင်း(ချို) (၂၂:၀၀ မှ ၂၃:၀၀)
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ယုန်ကပတိုးပိုက်ကတိုး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂါတ်ဒီမိုကရေစီ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရိုနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၅ အောင်မြင်ဖြစ်ထွန်းသောမွန်ပြည်နယ်ကျွဲကော
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)
၁၉:၃၀ Modern Agriculture Machines That Are At Another Level #4
၂၂:၀၀ The Young Urban Farmers Growing Tomorrow's Superfoods
၂၂:၃၀ How To Steer and Bury Pumpkin Vines
၂၃:၀၀ A visit to Wambugu Apples farmer in Kilimambogo

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Max
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ အသိဝိချိုချို(ပညာပေးဇာတ်လမ်း)

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော် ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေး ခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။



**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တပ်မတော် ဆေးသုတေသနတပ်တပ်မှူး၊ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနပါမောက္ခ/ဌာနမှူး၊ တပ်မတော်မှ အရိုးအထူးကု ဆရာဝန်များ၊ အိန္ဒိယနိုင်ငံမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ မိုဟစ်ရှာမားနှင့် တပ်မတော် ဆေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ် (၂)၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ် (မကွေး)တို့မှ အရိုးရောဂါပညာ ဆေးလက်တွေ့ပါရဂူနှင့် ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

Pre–Conference Workshop တွင် ပြည်တွင်း/ပြည်ပမှ အတွေ့အကြုံရင့်ကျက်သည့် ပါမောက္ခ ပညာရှင်ကြီးများက တက်ရောက်လာကြသူများ အားလုံးကို ပြုပြင်အစားထိုးခွဲစိတ်ကုသမှု နည်းစနစ်များ၊ အယူအဆ အတွေးအခေါ်ပိုင်းကို အခြေခံ၍ လက်တွေ့လုပ်ကိုင်နိုင်သည်အထိ သက်မဲ့ဆရာ (Silent Mentor) များကို အသုံးပြု၍ လက်တွေ့သရုပ်ပြသင်ကြား ဆွေးနွေးခြင်းနှင့် Online မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရိုးဆရာဝန်များအား Webinar တွင် တိုက်ရိုက်ထုတ်လွှင့်၍ သင်ကြားမှုများ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူယ်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအနေဖြင့် စစ်ဘက်နယ်ဘက်မှ ပါမောက္ခ ဆရာဝန်ကြီးများ၊ ပြည်ပမှ ပညာရှင်ကြီးများနှင့် တိုက်ရိုက်ထိတွေ့ သင်ကြားဆွေးနွေးနိုင်ခဲ့ပြီး သက်မဲ့ဆရာ (Silent Mentor) အသုံးပြုလက်တွေ့လေ့ကျင့်နိုင်ခဲ့ခြင်းကြောင့် အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်အနေဖြင့် နိုင်ငံတကာအဆင့်သို့ တက်လှမ်းလာသော ကဏ္ဍတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre–conference Workshop) နှစ်ခုကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ တပ်မတော်ဆေးတက္ကသိုလ်တွင် ပြုလုပ်ခဲ့ပြီး ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၂ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၁၁၄ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု ၊ Symposium ၂၁ ခု၊ Clinicopathological Conference a Clinical Session တစ်ခု၊ Special Talk ၁၀ ခု၊ Debate တစ်ခုတို့ကို ပြည်တွင်း/ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန်ဖိတ်ကြားထားသည့် အငြိမ်းစားအရာရှိကြီး/အရာရှိများ၊ ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲအစီအစဉ်တွင် ပါဝင်သည့် အရာရှိကြီး/အရာရှိများ၊ Symposium/ စာတမ်း/ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစားအရာရှိကြီး/အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု အရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင် ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တီးတိန်မြို့၌ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေး

**တီးတိန် စက်တင်ဘာ ၂၇**

ချင်းပြည်နယ် တီးတိန်မြို့တွင် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများ မြို့နယ်အဆင့် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တီးတိန်စံကိုက်ကျောင်းဆောင်၌ ပြုလုပ်သည်။




ဦးစွာ တီးတိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံမည့် ကျောင်းသူများကို အချိုရည်နှင့် မုန့်များ တိုက်ကျွေးကြသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံသော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၉ နှစ်မှ ၁၂ နှစ်အရွယ်အတွင်းရှိ ကျောင်းသူ ၂၀၀ အား ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက သားအိမ်ခေါင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**မြဝတီ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော မိန်းကလေးများအား ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းကို အခြေခံပညာကျောင်းများအလိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အခြေခံပညာ အထက်တန်းကျောင်းခွဲ (အောင်မြေရွှေဘုံ)တွင် ဆက်လက်ထိုးနှံပေးသည်။



**ကြိုတင်ကာကွယ်နိုင်**

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးဖြူ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ပတ်သက်၍ သတ်မှတ် အသက်အုပ်စုအတွင်း ဆေးလျှင်စွာ ထိုးနှံပေးခြင်းသည် ရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် သိရှိလိုက်နာရမည့်အချက်များကို ဦးစွာရှင်းလင်းပေးသည်။

ထို့နောက် သတ်မှတ်အသက်အုပ်စုအတွင်းရှိ ကျောင်းသူ ၁၃၉ ဦးတို့အား ထိုးနှံပေးခဲ့ပြီး အလားတူ ကျန်ရှိသည့် အခြေခံပညာ ကျောင်းများတွင်လည်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ဖီးကုန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ဖီးကုန်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဖီးကုန်း)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဖီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကျော်က မူးယစ်ဆေးဝါး အမျိုးအစားများ အကြောင်းနှင့် ဆိုးကျိုးများကို လည်းကောင်း၊ ဥပဒေအရာရှိ ဒေါ်တင့်တင့်ဝေက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဥပဒေ၊ ပုဒ်မ၊ ပြစ်မှု ပြစ်ဒဏ်များကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွန်းဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၅၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၉-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၆–၉–၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၇–၉–၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆု ရရှိသည့် စာရေးဆရာ ယဉ်အောင်ဟိန်း၏ "ကျောက်သမား၊ ကျောက်စိမ်းနှင့် ကျောက်လောက"စာအုပ်ကို ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ယုဇနကျောက်ဝိုင်း၊ အပွင့်ကောက်အထုပ်သမား၊ စပ်ပုံကျောက်သမိုင်း၊ ကျောက်သမားရဲ့ စီးပွားရေးခံယူချက်၊ .ကျောက်လောကသို့ ကျောက်ဝိုင်းဖမ်းစဉ်တုန်းက၊ ထီးဖြူဖိနပ်ပါး ကျောက်ပွဲစား၊ ပုံပြောကောင်းသူ၊ နားထောင်ခဲ့ရသော ကျောက်စိမ်းပုံပြင်၊ တရုတ်တန်းမှော်ဆိုသည်မှာ စသည်တို့ကို အခန်းပေါင်း ၂၇ ခန်းခွဲပြီး ရေးသားထားသည်။ စာရေးသူကိုယ်တိုင် ကျောက်လောကထဲတွင် နေ့စဉ်ကျင်လည်တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် ရေးသားထားသည့်အပြင် ကျောက်သမားဟု ခေါ်ဆိုလာပုံ၊ ကျောက်လောကတွင် အရည်ကျောက်သမား၊ အသားကျောက်သမား၊ စပ်ပုံကျောက်သမားနှင့် နတ်မှော်ကျောက်သမား ဟူသည့် ကျောက်လောကနှင့် ကျောက်သမားတို့၏ ဝေါဟာရများ၊ ကျောက်အရည်အသွေး၊ တန်ဖိုး၊ ကျောက်အောင်ခြင်း၊ မအောင်ခြင်း စသည့် အကြောင်းအချက်များကို သုတနှင့် ရသ ရောယှက်ကာ သရုပ်ဖော်တင်ပြထားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ဒုတိယဆု ရရှိသည့် စာရေးဆရာ သန်းဝင်းထွန်း (ဆွာ) ၏ "ကြွေလုလုဝေ" စာအုပ်ကို ကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် တပ်မတော်သားတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ရင်း ကြုံတွေ့ရင်ဆိုင်ခဲ့ရသော ဘဝအတွေ့အကြုံနှင့်အတူ ကြမ်းတမ်းခက်ထန်သော တောတောင်လျှိုမြောင် ဆူးငြောင့်ခလုတ်များကြား ကျင်လည်ဖြတ်သန်းနေရပြား နူးညံ့သော နှလုံးသားကို ထိခတ်လှုပ်ကိုင်လာသည့် သံယောဇဉ်ကြိုးတစ်မျှင်နှင့် ရစ်နှောင်ခဲ့ရပုံ၊ ရှေ့တန်းထွက်ရင်း တောတွင်းတစ်နေရာတွင် တစ်ဦးတည်း ငိုယိုနေသော တစ်နှစ်ခွဲအရွယ် ကလေးငယ်လေးကိုတွေ့ကာ ရန်သူ၏ ကလေးမှန်းသိသော်လည်း ကောက်ယူမွေးစားဖို့ ဆုံးဖြတ်ခဲ့သည်မှစ၍ စစ်သည်နှင့် ကလေးငယ်လေးတို့ အပြန်အလှန် သံယောဇဉ်တွယ်ကြပုံ၊ ကလေးငယ် အရွယ်ရောက်လာပြီး မိခင်ရင်းနှင့် ပြန်တွေ့သည့်အခါ ဝမ်းသာ၊ ဝမ်းနည်း ခံစားရပုံတို့ကို အရေးအသား ပြေပြစ်ချောမောစွာ တင်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမြွတ်ဆုံးဆု ကဗျာများ စာအုပ်ဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မျိုးမြတ်မြတ်မြင့်မောင် စပ်ဆို ရေးသားထားသည့် အမြွတ်ဆုံးဆုကဗျာများ စာအုပ် ထွက်ရှိလာသည်။




စာရေးသူ၏ တပ်မတော်၊ ပြည်သူနှင့် နိုင်ငံအပေါ်ထားရှိသည့် လေးစားတန်ဖိုးထားရှုမြင်မှုမှ ချစ်ခြင်း မေတ္တာစေတနာများ ထုံမွမ်းလျက် ဖွဲ့သီထားသည့် ကဗျာများမှာ ဖတ်ရှုသူတို့ တန်ဖိုးထား ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာအုပ်ကို အမြွတ်ဆုံးဆု ကဗျာစု၊ ပြည့်သားကောင်းများသို့ ကဗျာစု၊ သံမဏိစိတ်ထား၏ နှလုံးသားသစ္စာကဗျာစု၊ ရှေ့ခရီးကဗျာစု၊ ချစ်သဒ္ဒါသက်နှောင် မေတ္တာလက်ဆောင် ကဗျာစု၊ ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီကဗျာစုများအဖြစ် ခေါင်းစဉ်စုများခွဲ၍ သီကုံးရေးဖွဲ့ထားသည့် မေတ္တာစမ်းရေ အမေ၊ ၂၇ နှစ် ချစ်ဒိုင်ယာရီ၊ သံယောဇဉ်တစ်ပွင့်ပန်း၊ ပြည့်သားကောင်းများသို့၊ ငြိမ်းချမ်းသော မြန်မာနစ်၊ ပင်လုံပုံရိပ်၊ ရဲ 'သုံး' ဖော်နှင့် ရဲ 'သုံး' ရဲ၊ ရေတပ်သားမှာတမ်း၊ ဆက်၍ချီပါတပ်မတော်၊ အမျိုးသားရေး မဲပေးစို့ညီညီ၊ ချစ်သဒ္ဒါသက်နှောင် မေတ္တာလက်ဆောင်၊ ဝေဒနာနှင်းဆီ၊ ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီ၊ ရေထဲက ငါးကလေးများ စသည့် ကဗျာ စုစုပေါင်း ၈၇ ပုဒ်ဖြင့် ဝေဝေဆာဆာ ရေးဖွဲ့ထားသည်။

အဆိုပါစာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် ၂၈ (က)၊ ၁/အနော်မာ (၃)လမ်း၊ သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉- ၇၉၈၁၈၉၁၄၈ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့ ပုလဲဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

**မိတ္ထီလာ စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ပုလဲဈေး၌ ပြည်သူ့သက်သာဈေး အရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချစေရေးနှင့် ပလတ်စတစ်သုံးစွဲမှုကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့သည်။ အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် အပတ်စဉ်အလိုက် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတွင် လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရသူအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**ပခုက္ကူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင်ပြင်ပထိခိုက်ဒဏ်ရာရသူအတွက် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင်မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦး၊ ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတာဝန်ခံ ဒေါ်ယဉ်ယဉ်ထွေးနှင့် တာဝန်ရှိသူများက အာမခံအလုပ်သမား ဒေါ်မီမီထက် (Nong Hyup Microfinance-ရေစကြို)၏ လုပ်ငန်းခွင်ပြင်ပထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ကျပ် ၂၀၇၉၀၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## မော်လမြိုင်ကျွန်းမြို့နယ် ဂျုံးဂျုံးဂျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် မယ်ဇလီပုသိမ်စုကျေးရွာအုပ်စု ဂျုံးဂျုံးဂျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ဂျုံးဂျုံးဂျကျေးရွာတွင် အရှည် ပေ ၂၇၀၊ အကျယ် ၉ ပေ၊ ဒု ၆ လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အရှည် ပေ ၁၀၀၀ ရှိ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ကျေးလက်ရေရရှိရေးအတွက် ရေသန့်စင်စက် တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဂျုံးဂျုံးဂျကျေးရွာတွင် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၈ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၁၉၆ အိမ်၊ လူဦးရေ ၆၉၁ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်းဈေးကွက်

ပဲခူး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဘိုကိတ်ပဲ စသည်ဖြင့် ပဲမျိုးစုံ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများမှာ ပြည်ပနိုင်ငံများသို့ တင်ပို့သော ပဲများဖြစ်ပြီး ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဘိုကိတ်ပဲသီးနှံများမှာ ရန်ကုန်မြို့နှင့်ဒေသတွင်း အရောင်းအဝယ်ဖြစ်သော ပဲများဖြစ်ကြောင်း သိရသည်။

ပဲသီးနှံ ဈေးနှုန်းဈေးကွက်အနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၈၁၀၀၀ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၂၀၀/၂၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် မန္တလေးသို့ တစ်ရက်လျှင် အိတ်ရေ ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၁၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၂၂/၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပဲကြီး (ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ ပဲကြီး (ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၃၀၀/၃၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ စားတော်ပဲ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၂၅/၃၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဘိုကိတ်ပဲ တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၅၀/၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြည်ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသော ပဲသီးနှံများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ အရောင်းအဝယ် အေးလျက်ရှိပြီး မြို့တွင်းအဝယ်ရှိသောပဲများမှာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။



# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း စက်တင်ဘာ ၂၇

ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀မျိုးမှာ ဆီအုန်း တန် ၁၆၀၊ ကဏန်း တန် ၃ ဒသမ ၄၈၀၊ ပုစွန် တန် ၄ ဒသမ ၂၆၀၊ ငါးရွှေ တန် ၄ ဒသမ ၈၀၀၊ ငါးဝိုင်း တန် ၁၆ ဒသမ ၈၀၊ ငါးခွေးလျှာ တန် ၁၁ ဒသမ ၇၆၀၊ ငါးနီငယ် တန် ၁၇၉ ဒသမ ၃၇၀၊ ကဗျက်ငါး တန် ၆၄ ဒသမ ၁၁၀၊ ပလာတူး တန် ၃၉ ဒသမ ၇၈၀ နှင့် ကုလားငှုငါး တန် ၁ ဒသမ ၆၈၀ တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် တန် ၁၀၀၊ ပီလောပီန်မှုန့် တန် ၂၇၀၊ ကျောက်ချဉ် တန် ၃၀၊ ဆီလီကွန် ၁၁ တန်၊ ရေကူးကန်သန့် ဆေးရည် ၂၂ တန်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းဒေသ၌ စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀ ဖြစ်ကြောင်း သိရသည်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် စက်တင်ဘာ ၂၇

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တင်ပို့မှုအနေဖြင့် ဈေးနှုန်းတစ်တန်လျှင် ၂၄၉၃ ယွမ်/၃၄၅ ဒသမ ၄၀ ဒေါ်လာတို့ဖြင့် တန်ချိန် ၃၁၆၇ တန်၊ လောင်စာတောင့် ဈေးနှုန်း တစ်တန်လျှင် ၁၆၈၀ ယွမ်/ဒေါ်လာ၂၃၀ တို့ဖြင့် တန်ချိန် တန် ၅၀ နှင့် Iron Concentrate (Fe–64.512% / Fe–60 ဒသမ 75%) ဈေးနှုန်း တစ်တန်လျှင် ၁၀၂ ဒေါ်လာတို့ဖြင့် တန်ချိန် တန် ၄၄၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများအနေဖြင့် သံပြားလိပ် (Iron Sheet In Coil) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၅၀၂၀ ဖြင့် တန်ချိန် တန် ၂၄ ဒသမ ၂၀၀၊ သံမှို(Iron Nail) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၆၀ ဖြင့် တန်ချိန် ၃၃ တန်၊ သံပိုက် (Iron Pipe) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် တန် ၆၇ ဒသမ ၅၀၀၊ မြက်ခင်းတု (Artificial Grass) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် တန် ၈၃ တန်၊ ပန်းသီး တစ်တန်လျှင် ၄၂၃ ဒေါ်လာဖြင့် တန်ချိန် တန် ၃၂ ဒသမ ၇၀၀တန်၊ လိမ္မော်သီး တစ်တန်လျှင် ဒေါ်လာ ၂၃၀ ဖြင့် တန်ချိန် တန် ၆၃ ဒသမ ၉၀၀၊ ကြွေပြား (Ceramic Tile Plain) ဈေးနှုန်း တစ်စတုရန်းမီတာလျှင် ၄ ဒသမ ၁ ဒေါ်လာ ဖြင့် ၁၈၆၇၆ စတုရန်းမီတာ တင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ) တင်သွင်းလျက်ရှိသည်။ ■

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ် စက်တင်ဘာ ၂၇

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ကြက်သွန်ဖြူ တန် ၇၀၊ ရာဘာ တန် ၂၀၊ ကတ်ထူစက္ကူဖြတ်စ ၃၂ တန်နှင့် ပလတ်စတစ်ဖြတ်စ လေးတန် တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်ပြီး ဘိလပ်မြေ တန် ၆၅၀၊ ထယ်ပြားအစုံ (Disc Plough Set) တန် ၅၀၊ မီးခံအုတ် တန် ၂၀၊ ကွန်ကရစ်အမိုးပြား တန် ၉ ဒသမ ၄၆၀ ၊ ပလတ်စတစ်ဘူးခွံ ၁ ဒသမ ၅ တန်နှင့် အခြားပစ္စည်းများ တင်သွင်းခဲ့သည်။



# မုံရွာမြို့၌ ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်း စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကြက်သွန်နီကုန်ဝယ်ဒိုင်များသို့ ပုလဲ၊ ချောင်းဦး၊ ယင်းမာပင်၊ ဘုတလင်၊ ဆားလင်းကြီးနယ်များမှ ကြက်သွန်နီများအပြင် မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ အများဆုံး စိုက်ပျိုးထွက်ရှိရာ ဒေသများဖြစ်ကြသော မြေနဲကျေးရွာ၊ အောင်သာကျေးရွာ၊ မင်းကျေးရွာ၊ ကုတောပလ္လင်ကျေးရွာ၊ လယ်တီကျေးရွာ၊ တုံကျေးရွာနှင့် နှုန်းကြီးကျေးရွာ စသည့် ကျေးရွာများမှထွက်ရှိသော ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလတတိယပတ်တွင် လက်ကားဒိုင်ဈေးမှာ ကြက်သွန်နီ(ထိပ်စ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ (အနိမ့်စ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀–၂၁၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း၊ မုံရွာမြို့ပေါ်ရှိကန်သာယာဈေးနှင့် ဈေးဟောင်းတို့တွင် ကြက်သွန်နီ လက်လီဈေးနှုန်းမှာ (ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀–၃၂၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀–၂၈၀၀၊ (အနိမ့်စ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀–၂၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခုအချိန်သည် ကြက်သွန်ပေါ်ချိန် မဟုတ်သေးဘဲ ဂိုဒေါင်များမှာ သိုလှောင်ထားသော ကြက်သွန်များကိုသာ ရောင်းချနေကြရခြင်း ဖြစ်ကြောင်း မုံရွာမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

# ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်း

ပြည် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ရွှေတောင်၊ ပေါက်ခေါင်းနှင့် အခြားဒေသများဖြစ်သော မြန်အောင်၊ ကြံခင်း စသည့်ဒေသများမှ ထွက်ရှိသော မိုးမြေပဲများ ပြည်ဈေးကွက်သို့ စက်တင်ဘာ တတိယပတ်တွင် မြေပဲဆန်အိတ်ရေ ၃၀၀/၄၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးဒေသများမှ ဝယ်လက်များ၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခြင်းတို့ကြောင့် ပြည်ဒေသရှိ ပွဲရုံနှင့် ဈေးကွက်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မြေပဲဆန်ဈေးနှုန်းများ အနေဖြင့် စက်တင်ဘာ တတိယပတ်တွင် ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ဆီဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀နှင့် လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင်ကျပ် ၇၇၀၀တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စက်တင်ဘာလ ပထမပတ်နှင့် နှိုင်းယှဉ်လျှင် မြေပဲဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ဈေးနှုန်းကျဆင်းရခြင်းမှာ မြေပဲဆန်များ ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။ မြေပဲဆီဈေးနှုန်းအနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် ကျဆင်းကြောင်း၊ မြေပဲဆီဈေးနှုန်းများ ကျဆင်းလာရခြင်းမှာ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းများဖြင့် စားအုန်းဆီများကို ရောင်းချပေးခြင်း၊ မြေပဲများ လှိုင်လှိုင်ထွက်ပေါ်ချိန်ဖြစ်ခြင်းကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

# ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

စစ်ကိုင်း စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာ တတိယပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၈၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ စုစုပေါင်းအိတ်ရေ ၅၀၆၀၀၊ တန်အားဖြင့် ၂၅၃၀ စီးထွက်ခဲ့ပြီး စက်တင်ဘာ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၀၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၄၁၀၀၊ နေပြည်တော်သို့အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၂၀၀၀ စုစုပေါင်း အိတ်ရေ ၆၂၆၀၀၊ တန်အားဖြင့် ၃၁၃၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၂၀၀၀၊ တန်အားဖြင့် ၆၀၀ ပိုရှိစီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ တတိယပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရေမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂–၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



# စစ်တွေမြို့ အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**စစ်တွေ စက်တင်ဘာ ၂၇**

စစ်တွေမြို့အား အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အချိန်တိုတိုအတွင်း ဆောင်ရွက်နိုင်ခဲ့**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) အလွန်ကာလတွင် နိုင်ငံတော်အကြီးအကဲက မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်မှာကြားထားကြောင်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သာသနိကအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ကဏ္ဍများကို အချိန်တိုတိုအတွင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုထက်သာလွန်ကောင်းမွန်ရန် စနစ်ကျသည့် စံနမူနာပြုသင့်သည့် မြို့တော်ကြီးများ၏ အကြံကောင်းဉာဏ်ကောင်းများကို ရယူလိုသည်ဟု သုံးသပ်ကြသည့်အတွက် သက်ဆိုင်သူများကို ဖိတ်ခေါ်ပြီး စစ်တွေမြို့ကို လေ့လာနိုင်အောင် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများကလည်း မိမိတို့အတွေ့အကြုံများကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးချိုထွန်းအောင်၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးကိုကိုလင်း၊ အင်ဂျင်နီယာဌာန(လမ်းတံတား)ဌာနမှူး ဦးလင်းခိုင်၊ အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု) ဌာနမှူး ဦးအေးကျော်နှင့် အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှုဌာန)ဌာနမှူး ဦးမြင့်ဇော်သန်းတို့က ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ၏ ဆောင်ရွက်နေမှုနှင့် စစ်တွေမြို့အတွင်း လေ့လာတွေ့ရှိချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

❂ **ယာဉ်လိုင်းနံပါတ်မှ**

ယာဉ်လိုင်းနံပါတ် ၁၃၁ အဖြစ် ပြောင်းလဲ၍လည်းကောင်း၊ YBS ၇၉ ယာဉ်လိုင်းအား မူလနံပါတ် ၇၉ အပြင် နံပါတ် ၁၃၂ အဖြစ်လည်းကောင်း၊ YBS ၄ ယာဉ်လိုင်းအား မူလနံပါတ် ၄ အပြင် နံပါတ် ၁၃၃ အဖြစ် လည်းကောင်း၊ YBS ၈ ယာဉ်လိုင်းအား မူလနံပါတ် ၈ အပြင် နံပါတ် ၁၃၄ အဖြစ်လည်းကောင်း၊ YBS ၁၀ ယာဉ်လိုင်းအား မူလနံပါတ် ၁၀ အပြင် နံပါတ် ၁၃၅ အဖြစ်လည်းကောင်း၊ YBS ၁၁ ယာဉ်လိုင်းအား မူလနံပါတ် ၁၁ အပြင် နံပါတ် ၁၃၆ အဖြစ်လည်းကောင်း၊ YBS ၁၅ ယာဉ်လိုင်းအား မူလနံပါတ် ၁၅ အပြင် နံပါတ် ၁၃၇ အဖြစ်လည်းကောင်း၊ YBS ၁၇ ယာဉ်လိုင်းအား မူလနံပါတ် ၁၇ အပြင် နံပါတ် ၁၃၈ အဖြစ်လည်းကောင်း၊ YBS ၂၉ ယာဉ်လိုင်းအား မူလနံပါတ် ၂၉ အပြင် နံပါတ် ၁၃၉ အဖြစ်လည်းကောင်း၊ YBS ၃၉ ယာဉ်လိုင်းအား မူလနံပါတ် ၃၉ အပြင် နံပါတ် ၁၄၀ အဖြစ်လည်းကောင်း၊ YBS ၄၀ ယာဉ်လိုင်းအား မူလနံပါတ် ၄၀ အပြင် နံပါတ် ၁၄၁၊ ၁၄၂၊ ၁၄၃ အဖြစ်လည်းကောင်း၊ YBS ၅၉ ယာဉ်လိုင်းအား မူလနံပါတ် ၅၉ အပြင် နံပါတ် ၁၄၄ အဖြစ်လည်းကောင်း၊ YBS ၆၅ ယာဉ်လိုင်းအား မူလနံပါတ် ၆၅ အပြင်နံပါတ် ၁၄၅ အဖြစ်လည်းကောင်း ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း YRTC မှ သိရသည်။

အဆိုပါ ယာဉ်လိုင်းနံပါတ်များ သတ်မှတ်ဆောင်ရွက်ပေးခြင်းကြောင့် ခရီးသွားပြည်သူများအတွက် ပိုမိုအကျိုးရှိနိုင်ခြင်း၊ YRTC အနေဖြင့်လည်း စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ YBS အများပိုင်ကုမ္ပဏီများအနေဖြင့်လည်း မိမိယာဉ်လိုင်းရှိ ယာဉ်များအား စီမံကြီးကြပ်ရာတွင် စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ခြင်း စသည့်အားသာချက်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် YRTC ၏ ကြီးကြပ်မှုအောက်၌ YBS အများပိုင်ကုမ္ပဏီ ၂၁ ခုက YBS ယာဉ်လိုင်းပေါင်း ၁၃၀ ပြေးဆွဲလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ စတင်၍ YBS ယာဉ်လိုင်းပေါင်း ၁၄၅ လိုင်းအထိ ရှိလာမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌ တစ်ရက်လျှင် ပျမ်းမျှ YBS ယာဉ်အစီးရေ ၃၇၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၄ သန်းကျော်အား နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း YRTC မှ သိရသည်။

**ကိုထက်**

---

## “LOCAL TALENTS SHOW”(English Songs )

## တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် **“LOCAL TALENTS SHOW” (English Songs)** တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် “4WD Music Band’’ အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် ဂျွန်စကစ်၊ ရတနာ၊ လှယမင်း၊ ဖူးဖူးနှင့် ကစ်ကစ်တို့က အင်္ဂလိပ်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို အောက်တိုဘာ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

---

## “ဘယ်သူမှန်လဲ အပြိုင်ကြဲ”အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ **“ဘယ်သူမှန်လဲ အပြိုင်ကြဲ”** အစီအစဉ်ကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်း တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်တွင် ယခုအပတ်အတွက် ခေါင်းစဉ်ကို “ချစ်သူရည်းစားထားတဲ့အခါ ကိုယ့်ထက်အသက်ကြီးတဲ့သူကို ထားတာကောင်းတယ်”၊ “ချစ်သူရည်းစားထားတဲ့အခါ ကိုယ့်ထက် အသက်ငယ်တဲ့သူကို ထားတာကောင်းတယ်”အား ရွေးချယ်ထားပြီး အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့်အတူ ရွှေကြိုမယ် ရွှေဘုံသံသာနှင့် ဝင်းဖန့်ကြည်ဝင်းတို့က ပရိသတ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV –HD Channel မှ အောက်တိုဘာ ၁ ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီသတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




---

## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းကို မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့တွင် ကျီးပင်အင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေ၊ စီမံကိန်းတာဝန်ခံနှင့် ကျေးရွာတာဝန်ခံများက ကျီးပင်အင်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျီးပင်အင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦး စုစုပေါင်း အသင်းသား ၁၉၄ ဦးကို စီမံကိန်းလည်ပတ်ရန်ပုံငွေ ၄၇ ဒသမ ၂၅၅ သန်းအထိ ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❖ **ကျောဖုံးမှ**

ညနေ ၆ နာရီတွင် ဂျပန်အသင်းနှင့် မြန်မာအသင်း၊ အိန္ဒိယအသင်းနှင့် ဆော်ဒီအာရေဗျအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှုံးထွက်ပွဲစဉ် ရှစ်ပွဲအနက် ငါးပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး ကျန်သုံးပွဲကိုသာ စက်တင်ဘာ ၂၈ ရက်တွင်ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အကောင်းဆုံး အုပ်စုတတိယနေရာလေးသင်းတွင်ပါဝင်ပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့သော်လည်း ရှုံးထွက်အဆင့်တွင် အာရှထိပ်သီး ဂျပန်အသင်းနှင့် တွေ့ဆုံနေသဖြင့် ရှုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်အသင်းကိုသာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိန္ဒိယနှင့် တစ်ဂိုးစီသရေကျကာ တရုတ်အသင်းကို လေးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲတွင် နှစ်ဂိုးသာ ရခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နှင့်ပွဲတွင် ပြိုင်ဘက်အသင်း၏ လက်ဆောင်ဂိုးကြောင့် တစ်လုံးတည်းသောအနိုင်ဂိုးရကာ အိန္ဒိယနှင့် ပွဲတွင်သာ ရန်ကျော်ထွေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် ဂိုးရရန် ရုန်းကန်နေရပြီး ပြိုင်ဘက်မှာလည်း ဂျပန်ဖြစ်နေသောကြောင့် ဂိုးရရန် ပိုမိုခက်ခဲဖွယ်ရှိနေသည်။ ခံစစ်မှာမူ သုံးပွဲတွင် ငါးဂိုးပေးခဲ့ရသဖြင့် ယခုပွဲတွင် ယခင်ပွဲများထက် လုပ်အားနှုန်း ပိုမိုကောင်းမွန်မှသာ ဂျပန်တိုက်စစ်ကို ဟန့်တားနိုင်ဖွယ်ရှိနေသည်။ **ကိုညီလေး**

---

❍ **အာရှအားကစားမှ**

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်နိုင်ငံသူ လီရှောင်ရှောင်က ၁၉ ဒသမ ၆၀၀ မှတ်ဖြင့် ရွှေတံဆိပ်၊ အီရန်နိုင်ငံသူ ဇာရာက ၁၉ ဒသမ ၄၃၆ မှတ်ဖြင့် ငွေတံဆိပ်၊ ဗီယက်နမ်နိုင်ငံသူ ဒေါင်သွေဗီက ၁၉ ဒသမ ၄၂၆ မှတ်ဖြင့် ကြေးတံဆိပ် ရရှိသည်။

ယခု အာရှအားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားသမား လေးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးဦးစလုံး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - ဝူယွမ်တန်**

---

## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဖိလစ်ပိုင်အသင်းနှင့် အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။

မြန်မာအသင်း ပါဝင်သည့် အုပ်စု(E) နောက်ဆုံးနေ့ကို စက်တင်ဘာ ၂၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် တစ်ချိန်တည်းကစားမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ တောင်ကိုရီးယားအသင်းနှင့် ဟောင်ကောင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းက သုံးမှတ်စီရရှိထားကာ ဟောင်ကောင်အသင်းမှာမူ အမှတ်မရသေးပေ။ မြန်မာအမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ကိုညီလေး**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၈ ရက်)**

၁။ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ည ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးအပေါ်မှ ၇၅% ဖြစ်သော ထီစာအုပ် (၆၁၃၆၄၀) အုပ်အား ကုန်စင်အောင်ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (**၆၁၃၆.၄၀၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၄၂၉၅.၄၈၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၇၂.၂၆၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၆ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၉ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၉) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၈) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀ ) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၉၀၀၀ ) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀ ) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၇၂.၂၆၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၃ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၃၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

**၄။ (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၉-၂၀၂၃) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀)ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၅၅) ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၀-၂၀၂၃) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

**ဦးသန်းဦး (ခ) ဂနေး (ခ) စက်ကလူး [၁၂/ဥကမ (နိုင်) ၁၄၇၉၉၀] နှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ (၂၉) လမ်း (အောက်ဘလောက်)၊ အမှတ် (၆၂/ဘီ )၊ မြေညီထပ်နေ ဦးဘီဂျေး ကူမား(ဘ)ဦးမိုဟန်လားလ် [၁၂/ပဘတ(နိုင်)၀၀၁၇၆၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ -

၁။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ (၂၉) (အောက်ဘလောက်)လမ်း၊ အမှတ် (၆၂/ဘီ)၊ မြေညီထပ် နေအိမ်တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ၏မိခင် ဒေါ်ရာချ်ကူမာရီ [၇/ဖမန(နိုင်) ၁၀၅၉၈၇]နှင့် ကျွန်ုပ်မိတ်ဆွေ ဦးဘီဂျေးကူမားအပါအဝင် ဒေါ်ဖူးလ်ကူမာရီ [၇/ဖမန(နိုင်)၀၀၁၇၆၁]တို့ (၃ဦး)က ပူးတွဲပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ ဒေါ်ဖူးလ်ကူမာရီနှင့် ကျွန်ုပ်မိတ်ဆွေ၏ မိခင်ကြီးတို့သည် ကွယ်လွန်သွားပြီးဖြစ်သဖြင့် ယင်းတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ ဦးဘီဂျေးကူမားက အိမ်ထောင်ဦးစီးဖြစ်၍ ၎င်းသိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နေထိုင်ခွင့်မပြုကြောင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ် (၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့တွင် ဩဝါဒစာရင်းဖြင့် နေထိုင်ခွင့်မပြုရန် ဩဝါဒစာရင်းပိတ်ထားပြီး ဖြစ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဦးဘီဂျေးကူမားသည် ၎င်းမိခင်နှင့် ညီမ ဒေါ်ဖူးလ်ကူမာရီ ကွယ်လွန်ပြီးနောက်ပိုင်း အထက်အပိုဒ် (၁) ပါ နေအိမ်တိုက်ခန်း၌ ကျွန်ုပ်၏မိတ်ဆွေ ဦးဘီဂျေးကူမား သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်နေထိုင်ခြင်း မပြုရန်နှင့် အထက်ပါ နေအိမ်တိုက်ခန်း၌ လူသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း ဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်းများကို ဤကြော်ငြာပါသည့်နေ့မှစ၍ မပြုလုပ်ရန် ဦးသန်းဦး (ခ)ဂနေး (ခ) စက်ကလူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

၃။ အကယ်၍ ဤကြေညာပါရှိပြီးနောက်ပိုင်း အထက်အပိုဒ် (၁) ပါ နေအိမ်တိုက်ခန်း၌ ဦးသန်းဦး(ခ)ဂနေး (ခ) စက်ကလူးနှင့်တကွ မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေဦးဘီဂျေးကူမား၏ သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အခြားမည်သည့်အလုပ်ကိုမဆို လုပ်ကိုင်ခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းဦး (ခ)ဂနေး (ခ) စက်ကလူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

---

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ဆိုင်းဒန်အောင် [၁/မကန(နိုင်)၂၆၀၁၆၅]၏ ပတ်စ်ပို့နံပါတ် (MF-994733)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၈၀၇၅၅၈**

---

**ပတ်စ်ပို့ပျောက်**

ကျွန်မ မနန်လွမ်[၁/မကန(နိုင်)၂၁၁၄၅၀]၏ ပတ်စ်ပို့နံပါတ်(MF-886479) မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၆၅၂၃၈၉**

---

**အများသိစေရန်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၂)လမ်း၊ အမှတ် (၇၄၃)၊ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ မြေကွက်အမှတ် (၇၄၃)ကို ရောင်းချသူ **ဦးသောင်းကြည် [၁၂/သဃက(နိုင်) ၀၅၀၆၀၇]**နှင့် ဝယ်ယူသူဖြစ်သော **ဒေါ်မွန်မွန်သိန်း [၁၂/ကမရ(နိုင်)၀၅၁၉၄၄]**မှ မြေညီထပ်နှင့် မြေအကျိုးခံစားခွင့် အရောင်းဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဆီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)**
**အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ ဖုန်း-၀၉- ၇၉၄၄၆၇၁၆၅**

---

**ဒေါ်အောင်မြတ်သူ (၁၂/ဒလန (နိုင်) ၀၀၂၉၄၀) ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ကမာကဆစ်၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၄၆၄/က)၊ ဧရိယာ အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်အောင်မြတ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသွယ်မိုး (၁၂/ဒလန(နိုင်)၀၀၀၃၈၈) ကိုင်ဆောင်သူမှအရပ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ယခုအချိန်တွင် ယင်းမြေကွက်နှင့်ပတ်သက်၍တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်သည့်အတွက် လူကြီးမင်းမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား(၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန်တောင်းဆိုအပ်ပါသည်။

**ဒေါ်စန်းစန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၈၇)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄**

---

**“အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း”**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၅၈၇/ခ)တွင် နေထိုင်သူ ကွာယုရှင်(ခ)ဦးစိုးနိုင်(ဘ)ဦးဟန်တင်[၁၂/ဥကတ(နိုင်)၀၉၈၁၁၂] သည် မိမိ၏ကိုယ်စားကိစ္စအဝဝကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကွာဟုတ်ဝမ်(ခ) မိုးမိုးအေး(ဘ) ဦးဟန်တင်သို့အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၆၅/၂၉-၅-၂၀၂၃) ဖြင့် လွှဲပေးခဲ့ပါသည်။ ယခုအခါတွင် ကျွန်တော်မှ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

---

**အမည်မှန်နှင့် မိဘအမည်မှန်**

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ်(၁၀)နေ မောင်ယော်ဆီလေး၏ အမည်မှန်မှာ မောင်ယောရှိလေးဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးလာရှို[၁/မကန(နိုင်)၁၀၀၂၆၉] နှင့် ဒေါ်အဒီးမာ[၁/မကန(နိုင်)၁၀၇၉၂၁]ဖြစ်ပါသည်။

---

**စာအုပ်စာပေ လှူမိတ်ဆွေ**

---

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ မြေကွက်အမှတ်-၁၅၇၁/က၊ အကျယ်အဝန်း (၂၀' x ၆၀')ရှိ ဦးမျိုးသိန်းမြင့်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅၇၁/က)၊ ဆင်ဖြူတော်လမ်း၊ (တ/၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော အိမ်ခြံမြေအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဆလိုင်းဇွေဟူး (၁၀/သဖရ (နိုင်) ၁၇၄၀၈၀)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၁၈/၁၃)**
အမှတ်- ၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ - ၄၂၀၂၄၂၄၉၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Condo၊ ယူနစ်အမှတ်(B2-28-01)၊ အကျယ်အဝန်း (၁၇၃၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်(၁)နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို Golden Land Real Estate Development Co., Ltd. ထံမှ ဦးရုံးစိန် (၁၃/တကန(နိုင်)၀၅၁၃၅၂)က ဝယ်ယူခဲ့ပါသည်။ ဦးရုံးစိန် ကွယ်လွန်၍ ဗုဒ္ဓဘာသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်မုံမြင့်(ခ)ဒေါ်စန်းစန်းညို (၉/မရတ(နိုင်)၁၀၆၁၂၂)က အမွေဆက်ခံ ပိုင်ဆိုင်ပါသည်။ Golden Land Real Estate Development Co., Ltd. ထံမှ ဦးရုံးစိန် ဝယ်ယူခဲ့သော တိုက်ခန်းပိုင်ဆိုင်မှု အရောင်းအဝယ်စာချုပ်မူရင်းမှာ အထားအသိုများယွင်း၍ ပျောက်ဆုံးနေပါသည်။ အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရင်မုံမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူစိုး (L.L.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀ရ၅၄)**
**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊**
**၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ် (၁၆၃)နေ ဦးမူနီယမ်းတီး [၁၂/ကတတ(နိုင်) ၀၃၅၄၃၄]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

"ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၆)၊ မေခ(၃)လမ်း၊ မြေကွက်အမှတ် (၁၇၇၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၅ x ၅၀)ပေရှိ မြေကွက် နှင့် ယင်းမြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့ကို ဦးအောင်ကျော်ထူး(PAK-၀၃၄၄၃၅)အမည်ဖြင့် မှတ်သားတည်ရှိ သည့် ပါမစ်မြေ အမျိုးအစား မြေကွက်အား ဒေါ်မီမီအောင်[၁၂/ဒလန(နိုင်)၁၁၁၉၁၂]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့၍ လက်ရှိထားပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ အိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

**ဦးမူနီယမ်းတီး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)**
**အမှတ် (၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph:09-254405798**

---

## "တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းကြည်မေ၏ (၂၀-၉-၂၀၂၃) ရက်စွဲပါ အများသိစေရန် ကြေညာခြင်းအပေါ် (၂၄-၉-၂၀၂၃)ရက် နေ့တွင် ဦးမောင်ဌေး [၁၂/မဂတ(နိုင်)၁၅၄၄၄၂]နှင့် တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ် (အောင်လံ)နှင့် ဦးမြဇော်တို့၏ ကြော်ငြာနှင့် ပတ်သက်၍ ထပ်မံ ရှင်းလင်းကြော်ငြာခြင်း"

ကျွန်ုပ်၏အမှုသည် ဒေါ်ခင်နန်းမွန် [၁၂/ပဇတ(နိုင်)၀၁၈၁၈၈]၊ အမှတ် (၉)၊ (၉၇)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ထပ်မံပြန်လည်ရှင်းလင်းကြော်ငြာလိုက်သည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၉)လမ်း၊ အမှတ်(၁၅)၊ နှစ်ခန်းတွဲ၊ နှစ်ထပ် (၁၅ပေ x ၆၀ပေ)၊ (၄)ခန်းပါ အဆောက်အဦအနက်မှ မြေညီထပ်နှစ်ခန်းနှင့် အဆောက်အဦကို မျက်နှာမူ လျှင် (လက်ဝဲ)ဘက်၊ ပထမအခန်း (၁)ခန်း၊ စုစုပေါင်းအခန်း(၃)ခန်းကို ကျွန်ုပ်အမှုသည်၏ ခင်ပွန်း ကွယ်လွန်သူ ဦးလှရွှေက မူလနေထိုင်သူများထံမှ တရားဝင်စာချုပ်စာတမ်းများဖြင့် ဥပဒေနှင့်အညီ ဝယ်ယူလက် ရောက်ရယူ ပိုင်ဆိုင်ခဲ့ပြီး စာချုပ်စာတမ်းမူရင်းများမှာလည်း ကျွန်ုပ်အမှုသည်၏ လက်ဝယ် တွင်ရှိပါသည်။ ၁၉၉၈ခုနှစ်တွင် ထိုအဆောက်အဦကို ပြုပြင်မွမ်းမံ၍ ငှားရမ်း၍ စီမံခန့်ခွဲ အကျိုးခံစားသည်မှာ (၂၅) နှစ်ခန့် ကာလကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အခန်း (၃) ခန်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းအပေါ် ကျွန်ုပ်အမှုသည် ဒေါ်ခင်နန်းမွန်နှင့် သား (၃) ဦးတို့က အစ္စလာမ့်တရားဥပဒေအရလည်းကောင်း၊ အခြားတည်ဆဲဥပဒေများအရလည်းကောင်း၊ လက်ရှိထားအမွေဆက်ခံ ပိုင်ဆိုင်နေသည်ကို သိလျက်နှင့် (၂၄-၉ -၂၀၂၃) ရက်နေ့တွင် ဦးမောင်ဌေးဆိုသူက မည်သည့်အထောက်အထားမျှမရှိဘဲ သတင်းစာတွင် အမွေဆိုင် မောင်နှမ (၈) ဦး၏ အမွေဆိုင်ပစ္စည်းဟု မမှန်မကန်ဖော်ပြကြော်ငြာခဲ့ပါသည်။

ထိုမြေကွက် အမည်ပေါက်မှာ ဒေါ်ခါတွန်ဖြစ်ပြီး ဦးလှရွှေ၏ ဖခင် ဦးမောင်မောင်၏မိခင်ဖြစ်ပါသည်။ အဆိုပါ မြေညီထပ်နှစ်ခန်းနှင့် ပထမထပ် ဝဲဘက်အခန်း၊ စုစုပေါင်း (၃) ခန်းကို ယခင်နေထိုင်ကြသည့် အိမ်ငှား များထံမှ ကျွန်ုပ်အမှုသည် ဒေါ်ခင်နန်းမွန်၏ခင်ပွန်း ဦးလှရွှေက တရားဝင် ဝယ်ယူ ပိုင်ဆိုင်ပြီး၊ မိမိကိုယ်တိုင် အငှားချထားကာ စီမံခန့်ခွဲအကျိုးခံစားလျက်ရှိ သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုနှစ်ထပ်ဥပစာတည်ရှိသော မြေကွက်မှာ ဦးလှရွှေပါ (၈) ဦး၏ အမွေဆိုင်မြေကွက်ဖြစ်ပါကြောင်းနှင့် ဦးမောင်ဌေး၏ ကြော်ငြာတွင် အမွေဆိုင်မောင်နှမ (၈) ဦးစလုံး၏ အမွေပစ္စည်းဟုဖော်ပြ ကြော်ငြာခြင်းသည်ဖော်ပြပါ အိမ်ခန်း(၃)ခန်းမပါသည်ကို မဖော်ပြဘဲ ရောထွေး၍ အထောက်အထားမဲ့ ကြော်ငြာခြင်းဖြစ်ပါသည်။

အဆိုပါ (၂၄ - ၉ - ၂၀၂၃ ) ရက်စွဲပါ ပြန်လည်ရှင်းလင်းခြင်း ကြော်ငြာကို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ရုပ်သိမ်း ကြော်ငြာ ပေးရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ကျွန်ုပ်၏အမှုသည်က ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းကြည်မေ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၇၃၂၁(၈-၂-၂၀၀၅)**
**အမှတ်-၁၁၂(မြေညီ)၊ ပတ္တမြားလမ်း(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၄၄၀၇၁၉၀၉၇**

၅၅ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေအွန်လိုင်း သိန်းဆုထီကို ၁၉.၂၀၂၃ ရက်နေ့မှစတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေး သွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများအနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ် ကြောင်းအသိပေး ကြေငြာအပ်ပါသည်။

aungbarlay.ird.gov.mm

App Store · Google Play

အောက်တိုဘာလ (၁)ရက်နေ့ ထီဖွင့်မည်။ ထီဖွင့်ရန် (၃)ရက်သာ လိုတော့သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၇၁၀/၇၁၁) နေ ဒေါ်မော်မော်ဆန်း [၉/အမဇ(နိုင်)၀၀၂၇၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ နံ့သာဖြူလမ်း၊ မြေကွက်အမှတ်(၈/၇၉–က)၊ ဦးသိန်းညွန့်အမည်ဖြင့် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း (၂၀ X ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးအောင်ကျော်ထွေး[၇/အမန(နိုင်)၀၈၀၇၆၄]က ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မော်မော်ဆန်း [၉/အမဇ(နိုင်)၀၀၂၇၉၈]က အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်မော်မော်ဆန်း**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့လဲ့လှိုင်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၆၁)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၇၂၁၃၁၅**

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ Orchit Condominium မှ အခန်းအမှတ်–၆၄၊ ၆ လွှာ ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၂၀၅၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ **Orchit Condominium** တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချသူ ဒေါ်မြမြ [၁၂/အလန(နိုင်)၀၁၉၀၄၉]က တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု၍ ရောင်းချမည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့် [၁၂/ကမတ(နိုင်)၀၃၇၀၇၁]က ဝယ်ယူရန် သဘောတူပြီး တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

၂။ ထိုတိုက်ခန်း လွှဲပြောင်းရောင်းချခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာထည့်သွင်းပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၄၅)**
**အမှတ်–၃၁ (မြေညီထပ်)၊ ၉လမ်း၊ ၄ ရပ်ကွက်၊ လမ်းမတော်။**
**ဖုန်း – ၀၉–၇၇၂၆၅၂၄၁၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်–၁၀၇ နေ (ဘ) ဦးစောအောင်၏သားဖြစ်သူ ဦးအောင်မြတ်မျိုး [၁၂/လသန(ဧည့်)၀၀၁၇၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

BEEGLES

**မှတ်ပုံတင်စာချုပ်အမှတ် – ၇၈၈၅/၂၀၁၅ (၂၂–၆–၂၀၁၅)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ဖယောင်းပုဆိုး၊ ဖော့ကြမ်းခင်း၊ မိုးရေကာဖျင်၊ ဖျာ၊ လချီးလိပ်၊ ပီနံခရီးဆောင်အိတ်၊ ကော်ဇော၊ ပလတ်စတစ်စားပွဲခင်းလိပ်နှင့် ပလတ်စတစ်နှင့် ပတ်သက်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **"BEEGLES"** အမည်၊ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ အတုအပပြုလုပ်ခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများကို တွေ့မြင်ကြားသိရပါက တုပပြုလုပ်သုံးစွဲသူအား မိမိလုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျစရိတ်များအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်မျိုး၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)**
**ဖုန်း – ၀၉–၂၅၀၅၁၆၉၈၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်
## (၃/၂၀၂၃–၂၀၂၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန် | – (၅–၁၀–၂၀၂၃)ရက် (ကြာသပတေးနေ့)(ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန် | – (၁၉–၁၀–၂၀၂၃)ရက် (ကြာသပတေးနေ့)(ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | – (၂၀–၁၀–၂၀၂၃)ရက် (သောကြာနေ့)နံနက်(၁၀:၀၀)နာရီ |
| ၅။ | တင်ဒါတင်သွင်း စိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ | – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့ |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် –

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်**
**ဖုန်း–၀၉–၂၅၆၈၀၈၈၁၉**

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဆန်း [၈/ဆပဝ(နိုင်)၀၅၇၇၈၄]သည် "ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် –သကမ–၁၅၊ (၁၉)ရပ်ကွက်၊ သံသုမာ(၂)လမ်း၊ မြေကွက်အမှတ်(၂၃၃/ခ)ဟုခေါ်တွင်သော အကျယ် (၂၀x၆၀)ပေရှိမြေနှင့် မြေပေါ်ရှိ အဆောက် အဦအပါအဝင် ရေ၊ မီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော "ဦးထွန်းထွန်းစိုး[၁၂/ကမတ(နိုင်)၀၁၆၁၁၃] နှင့် ဒေါ်ရွှေးရွှေးငယ် [၁၂/သကတ(နိုင်)၀၁၂၇၄၄]" တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မေသဥ္ဇာသိန်း(LL.B) (စဉ်–၁၄၅၉၈)**
**ဒေါ်ပွင့်သူဇာ(LL.B) (စဉ် – ၁၄၅၉၂)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ မဉ္ဇူလမ်း၊ အမှတ် (၃၆၆)၊ စတုတ္ထထပ်(၅ လွှာ)၊ (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချသူ ဦးကြည်စိုး [၁၂/ဥကမ(နိုင်)၁၅၇၃၃၅] မှ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအေးမင်းထွန်း [၁၂/အလန(နိုင်)၀၃၆၀၂၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၆၇)**
**အမှတ် (၉၇၇)၊ အင်းဝ(၈)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-880888317, 09-692214348**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

Mother Development Co., Ltd မှ ဆောက်လုပ်ပြီးဖြစ်သော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ ဒုတိယသီရိရိပ်သာ၊ အမှတ် (၁၅၂)၊ Thiri Yeik Thar Residence အဆောက်အဦအတွင်းရှိ အခန်းအမှတ် (204) ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးအောင်မြတ် (မြေရှင်) [၁၂/ဥကတ(နိုင်)၀၂၃၀၃၉] မှ ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ပြည့်မွန်ဆွေ [၁၂/ဒဂတ(နိုင်)၀၀၀၀၀၉] မှအပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ ဖြင့်ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင်**
**LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၆၇)**
**အမှတ်(၉၇၇)၊ အင်းဝ(၈)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 09-880888317, 09-692214348**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးသက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီမှ ထိန်းသိမ်းထားရှိသော ပြောင်းစေ့အိတ် (၉၈၁၀)အိတ်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးအချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့်အလုံလမ်းထောင့်လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – | ၂၀–၉–၂၀၂၃ |
| ၄။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | – | ၂၉–၉–၂၀၂၃ |
| ၅။ | တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် | – | ၃–၁၀–၂၀၂၃၊ နံနက်(၉:၀၀)နာရီ |

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း–၀၁ ၈၃၁၇၅၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ်(၄၃၃)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ် (A)၊ (ခေါင်းရင်းခြမ်း) တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း) တိုက်ခန်းကို ဒေါ်ခင်အုန်း [၁၂/သကတ(နိုင်)၀၇၄၉၃၈]က မိမိတို့တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သီတာဦး [၁၂/သကတ(နိုင်)၀၀၁၉၆၂]က အဆိုပါတိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာဦး [၁၂/သကတ(နိုင်)၀၀၁၉၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအောင် (LL.B, D.B.A., D.B.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃–လွှာ/အေ၊ (၁၃)လမ်း၊ ဖေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၂၇၇၈၉၅၊ ၀၉–၇၉၉၂၉၄၈၉၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၁)ရပ်ကွက်၊ မြေကွက်အမှတ်(၂၅၂)၏ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးတင်အောင် [၁၂/စခန(နိုင်)၀၁၆၂၉၂]အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနေဇော်လင်း[၁၁/ကတန(နိုင်)၀၇၈၅၁၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂) (LL.B, D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) (LL.B, D.B.L, D.I.L, WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ညောင်သုံးပင်ကျေးရွာ၊ သမကွက်သစ်လမ်း၊ မြေကွက်အမှတ်(၁၀)၊ သန်လျင်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးမှ ဦးမြအောင်ပါ (၃)ဦးဖြင့် ချထားပေးသော မြေအကျယ်(၄၀x၆၀)ပေရှိ မြေထဲမှ ခြေရင်းဘက်ခြမ်းရှိ မြေအကျယ် (၂၀x၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ဥမ္မာလွင်(ဘ)ဦးကျော်အေး(ခ)ဦးစောအောင် [၁၂/သလန(နိုင်) ၁၀၆၁၃၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၁၈၅၁၆၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်သုခလမ်း၊ မြေကွက်အမှတ်(၃၅)၊ မြေအကျယ်အဝန်း (၄၂ပေx၆၀ပေ)ရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၂)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်မြသိန်း**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ဒေါ်မြသိန်းမှာ ကွယ်လွန်သွားပြီဖြစ်ပါသည်။ **ဒေါ်မြသိန်း၏သားတော်စပ်သူ ဦးမြင့်ဇော်ထူး [၁၂/မဂတ(နိုင်)၀၇၄၄၀၃]**နှင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အိမွန်ဦး [၅/မရန(နိုင်)၂၃၈၅၆၂]**တို့ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ခွဲဝေရန်ကျန်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအဖြစ် ဒေါ်မြသိန်း အမည်ပေါက် မြေငှားဂရန်မြေကွက်သည် ယခုလက်ရှိအချိန်၌ မိဘများ ကွယ်လွန်ပြီးဖြစ်၍ ဦးမြင့်ဇော်ထူး အပါအဝင် မွေးချင်း(၄)ယောက်ခွဲဝေရယူမည့် အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိကြောင်း၊ (၈–၉–၂၀၂၃) ရက်နေ့တွင် ကတိဝန်ခံချက်စာချုပ်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဦးမသိရှိဘဲ အထက်ပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမွန်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B) – တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B) – အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၃)**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၂၁/၂၃)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ဒုတိယထပ်(၃–လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၆x၅၀)ပေခန့်ရှိ တိုက်ခန်း တစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်ကြသော ဦးသန်းရွှေ၊ ဒေါ်ခင်ခင်တို့၏သားသမီးများ ဦးကျော်ကျော်နိုင်[၁၂/စခန(နိုင်)၀၂၀၀၇၃]၊ ဒေါ်နီလာသန်း[၁၂/စခန(နိုင်)၀၂၀၁၅၅]နှင့် ဒေါ်ခင်သူဇာသန်း[၁၂/စခန(နိုင်)၀၀၀၁၇၅]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်–၁၀၀၆၃)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |
| **ဖုန်း–၀၉–၇၉၈၈၂၇၅၉၀** | **၀၉–၄၂၀၃၅၉၆၃** | **၀၉–၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၃ )၊ ဆည်မြောင်း(၂)လမ်း မြေကွက်အမှတ် (၇၁၅) ဟုခေါ်တွင်သော အကျယ်အဝန်း ( အလျား ၄၀ ပေ x အနံ ၆၀ ပေ ) ရှိ မြေကွက်အနက်မှတရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း( အလျား၂၀ ပေ x အနံ ၆၀ ပေ )ရှိ ( ခြေရင်းခြမ်း )မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးထွန်းလွင်[၁၂/အစန(နိုင်)၀၄၅၂၉၇]အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ရှိထားကာ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်မြင့် [၁၄/မမက(နိုင်)၁၂၇၂၂၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလာထူး [၁၂/စခန(နိုင်)၀၄၇၂၆၀] သည် အပြီးအပိုင် လက်ရောက် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ( ၂၆-၉-၂၀၂၃ ) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် ( LL.B )** — **ဒေါ်သက်ဝေအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄ )** — **အထက်တန်းရှေ့နေ(စဉ် -၅၀၀၁၆ )**
**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-778849700, 09-773562082**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၁၊ ဦးပိုင်အမှတ်(၉)၊ ၇၃ x ၇၄ လမ်းကြား၊ ၁၂၀ x ၁၂၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်း[၉/မကန(နိုင်)၀၆၅၉၂၄]၊ ဦးညွန့်ဝင်း[၉/မကန(နိုင်)၀၂၂၃၇၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၅၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးသန်း [၁၃/နခန(နိုင်) ၀၃၅၉၆၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ် ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ်(၅၆)၊ ၆၂လမ်း နှင့် ၆၃ လမ်းကြား၊ ၁၃၅ နှင့် ၁၃၄ လမ်း ကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်-(၄၃၆၆/၉၀-၉၁)အရ ဦးထွန်းတင် မှတ်ပုံတင်အမှတ်(WMDY-၂၇၃၅၉၄) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးသန်းဇော် မှတ်ပုံတင်အမှတ်[၈/ပခက(နိုင်)၃၃၀၁၈၂]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၇၊ ဦးပိုင်အမှတ်(၂၄)၊ ၆၂ x ၆၁ လမ်းကြား၊ ကနောင်နှင့် မက္ခရာ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်မင်းထွန်း[၁၃/ပလန (နိုင်)၀၄၄၉၉၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၂၈/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းတင်မျိုးဦး[၁၃/နခန(နိုင်)၀၆၈၂၁၄]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ် ပပ-၁၁၊ ဦးပိုင်အမှတ်(၄၀)၊ ၆၀ x ၆၁ လမ်းကြား၊ ၁၃၅ လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြင်စိန်[၁၄/ပသန(နိုင်)၁၄၀၇၁၃]၊ ဦးအောင်ကျော်[၁၄/ပသန(နိုင်)၁၄၄၆၂၉]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက် အမှတ်-ညည-၉၂၊ ဦးပိုင်အမှတ်(၁၄)/၄၄x၄၅လမ်းကြား၊ ဗထူးနှင့်အောင်ဆန်း လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခင်နွယ်[၉/မရတ(နိုင်) ၁၁၄၂၂၁]ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းနောင်[၉/ခမစ(နိုင်)၀၂၇၁၇၉]ကအမည်ပြောင်းလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟုလျှောက်ထားလာ သဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်။" ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးအောင်မြတ်ဟန် [၁၂/လမန (နိုင်) ၁၄၃၃၉၈] ကိုင်ဆောင်သော CDC-82397 ၏ RESULT SHEET သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph-09-5321597

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်-သ-၁၄၊ ဦးပိုင်အမှတ်(၁၀၄-ခ)၊ ၅၉-Cလမ်း၊ ၁၁၅ A လမ်းနှင့် ၁၁၆ လမ်းကြားမြေကွက်အား တောဂရန် အမှုတွဲအမှတ်-(၂၁၂၃/၉၁-၉၂)အရ ဦးတင်ချိန် မှတ်ပုံတင်အမှတ် [၉/မနတ (နိုင်)၀၅၀၀၃၇]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ဖြူပြာလှိုင် မှတ်ပုံတင် အမှတ်[၉/ပမန(နိုင်)၂၁၁၁၀၆]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ်(၆၇)၊ ၆၂-A လမ်း၊ ၁၃၄ x ၁၃၅ လမ်းကြားမြေကွက်အား တောဂရန် အမှုတွဲ အမှတ်-(၅၃၀၃/၉၁-၉၂) အရ ဦးသိန်းဝင်း မှတ်ပုံတင် အမှတ်[၉/မနမ(နိုင်)၀၁၂၉၃၉] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်။ ဒေါ်အေးသန္တာ စိုး မှတ်ပုံတင်အမှတ်[၉/ပကခ (နိုင်)၁၂၄၅၁၄]မှ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်-ဟ-၁၂၊ ဦးပိုင်အမှတ် (၁၀+၁၁)၊ ၆၁ x ၆၂ လမ်းကြား၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးမျိုး ကျော်ဦး[၉/မခန(နိုင်)၁၆၂၆ ၀၄]၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၁၉၂၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမင်းဦး[၉/ ညဥန(နိုင်)၁၁၃၈၆၇]က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် မြေပုံမြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (တင်ဒါအမှတ် - ၆ /၂၀၂၃ -၂၀၂၄)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂) တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏အနောက်တောင်ဘက်(၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက် ရှိသော ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြု ရန်အတွက် **ကျပ်သန်း(၂၀၀)အထက် တန်ဖိုးရှိ** ခန္တီးအခြေစိုက်စခန်းနှင့် စီမံကိန်း စခန်းတွင် 400 Volt ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း (၁.၅) မိုင် ( **Lot-20**) အား ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါ သည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် -

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံများ | - | ၂၉-၉-၂၀၂၃ ရက် |
| စတင်ရောင်းချမည့်ရက်နှင့်အချိန် | | (နံနက် ၉:၀၀ နာရီ) |
| တင်ဒါလျှောက်လွှာပုံစံများ | - | ၁၂-၁၀-၂၀၂၃ ရက် |
| နောက်ဆုံးရောင်းချမည့်ရက် နှင့်အချိန် | | ( ၁၆ : ၀၀ နာရီ) |
| တင်ဒါအဆိုပြုလွှာများ | - | ၁၃-၁၀-၂၀၂၃ ရက် |
| တင်သွင်းရမည့်ရက်နှင့်အချိန် | | (၁၆:၀၀ နာရီ) |

ဆက်သွယ်ရန်ဖုန်း- 09-424041090, 09-402627112

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်လမ်း၊ အမှတ်(၆၃၅/က) ပေါ်တွင် ဖြူစင်မြင့်မိုရ်ကုမ္ပဏီလီမိတက်မှ ဆောက်လုပ် ထားသည့် ကန်ထရိုက် (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆)လွှာ၊ (၁၈ ပေ x ၅၄ ပေ) အကျယ်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကန်ထရိုက်တာထံမှ အဆင့်ဆင့် ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းနိုင် [၁၂/သဃက(နိုင်)၀၃၈၁၆၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ရောင်းဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ရောင်းချ ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းဝင်းကြည်** — **ဒေါ်တင်ဇာဦး**
**(B.A, H.G.P, R.L, B.R.E)** — **(LL.B,D.B.L,D.S.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၄၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၄၁)**
**အမှတ်-၅၂၀၊ အဝေရာလမ်းသွယ်-၃၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၈၇၃၅၊ ၀၉-၄၅၁၂၀၉၃၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ Chel Thitsar Phyu (Facebook Account Name) ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ချယ်သစ္စာဖြူသည် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် Professional Makeup Artist အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို တချို့သောလူများမှ လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ မမှန် သတင်းများ ဖြန့်ဝေ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ၎င်း၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ထိခိုက်နစ်နာပျက်စီးစေရန် လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ မြင်တွေ့ကြားသိနေရပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏လုပ်ငန်းကို ထိခိုက်နစ်နာစေသော မမှန်သတင်းများနှင့် ဂုဏ်သိက္ခာ ကျဆင်းစေသော ပြုမူလုပ်ဆောင်ချက်များကို လူမှုကွန်ရက်မှဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေ မှုများကို တုံ့ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တင်းတင်းကြပ်ကြပ် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည် ရုပ်သိမ်း/ ဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြရတနာ(၄) လမ်း၊ မြေကွက်အမှတ်(၃၆၂/က)၊ ဂရန်မြေအမျိုးအစား၊ မြေအကျယ်ပေ(၂၀x၆၀) ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဇော်မင်းအောင်[၁၄/ငပတ(နိုင်)၁၅၆၇၅၀]၊ ဦးယဉ်ထွေး[၁၂/လမန(နိုင်) ၁၁၇၇၄၇]တို့မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇) ရက် အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြထွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၀၆၄)ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၆)ထပ်တိုက်၊ တိုက်ခန်း များထဲမှ စတုတ္ထထပ်ခန်း (၅)လွှာခြေရင်းခန်း(အလျား ၁၇ပေxအနံ ၅၀ပေ) ကျယ်ဝန်းသော တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား ဘုန်းပြည့်လျှံဆောက်လုပ်ရေးကုမ္ပဏီ မှ တာဝန်ရှိသူ ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၂၆၃၀၁၁]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင် မျိုးထက်[၇/ကပက(နိုင်)၀၇၅၉၀၈]မှ အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ပထမ အရစ် ငွေကျပ် သိန်း ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)ကို ပေးချေပြီး ဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးထက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်၊ Strand Condominium၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ခ၊ မြေကွက် အမှတ်-၃၁၉၊ ၂၄၀၀ စ/ပေ မြေကွက်တည်နေရာအမှတ်(၃၁၉)၊ တုသိတာ လမ်းမကြီး၊ (ခ)ရပ်ကွက်၊ ဒေါ်လှလှ [၁၂/ကမရ(နိုင်) ၀၂၉၂၀၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဒေါ်လှလှ(မိခင်)သည်(၃၀-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဦးတင်ဝင်းလှိုင်(ဖခင်)သည်(၂၃-၁-၂၀၁၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးအောင်ပိုင်[၉/ ပမန(နိုင်)၂၁၈၅၀၁]မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော သားတော်စပ်ကြောင်း၊ မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦး တစ်ယောက်မျှမရှိသည်မှာမှန်ကန်ပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်- ၂၃၇/၂၀၂၂/၄-၁၀-၂၀၂၂၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ မြေပေါ် တွင်ကိုယ်တိုင်မနေ၊ ကန်ထရိုက်(၉)ခန်း၊ အပျောက်(၅)ခန်းနှင့် ပတ်သက်၍ ပြဿနာမရှိ၊ တာဝန်ယူကြောင်းနှင့် တိုက်ခန်း(၁၅)ခန်းတွင် နေထိုင်သူများ မှလည်း ဦးအောင်ပိုင်၏လျှောက်ထားမှုအပေါ် သိရှိကြောင်းလက်မှတ်ရေး ထိုးထားသည့်စာရွက်တို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ဝရဇ္ဇာ(၅) လမ်းအပေါ်၊ အမှတ်-၆၉၈ ပေါ်တွင် ဆောက်လုပ်ထားသော(၅)ထပ်တိုက် အဆောက်အအုံရှိ ဒုတိယထပ်(၃-လွှာ)အကျယ်အဝန်း (၁၇ ၁/၂ ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီးမီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို **ဦးစိုးလှိုင်[၁၀/မလမ(နိုင်)၀၂၀၅၁၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးစည်သူအောင် [၁၂/ဗတထ(နိုင်)၀၃၆၅၅၀]နှင့် ဒေါ်နှင်းအိအိခိုင်[၁၂/ ဥကတ(နိုင်) ၁၈၇၃၀၄]**တို့မှ **(၂၅-၃-၂၀၂၁)**ရက်နေ့စွဲပါ"**နှစ်ဦးသဘော တူတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်**"ဖြင့် အသိသက်သေများရှေ့မှောက်၌ အထက်ဖော်ပြပါတိုက်ခန်း၏ တန်ဖိုးငွေများ အပြည့်အဝပေးချေ၍ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးစည်သူအောင်နှင့် ဒေါ်နှင်းအိအိခိုင်တို့သာလျှင် တရားဝင်ပိုင်ဆိုင် ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်နှင့် ဒေါ်နှင်းအိအိခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့ နယ်၊ လွယ်အံကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၄၄/ ကျောက်တန်းရွာအနောက်)၊ Kalaw Garden Valley စီမံကိန်းရှိ မြေငှားဂရန်မြေမှ တရားဝင်မခွဲစိတ်ရသေးသော (၃၆၀၀)စတုရန်းပေအကျယ်အဝန်းရှိ မြေကွက်အမှတ်(12/A)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိ ပြုသူ Kalaw Garden Estate Company Limited (ကိုယ်စား) **ဦးခွန် နောင်မြင့်ဝေ[၁၂/အစန(နိုင်) ၀၂၀၄၇၅]**မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးသက်ထွန်း[၁၁/စတန(နိုင်) ၀၄၂၁၁၀]**မှ အပြီးအပိုင် ဝယ်ယူရန်အတွက်သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေ ကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ **( ၂၁ )ရက်**အတွင်း ပိုင်ဆိုင်မှုအထောက်အထား**(မူရင်း)**များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးသက်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်...

❖ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ ရှိ...

❖ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့်ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လို...

❖ မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို နားလည်မှုရှိရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယာဉ်လိုင်းနံပါတ်တူပြီး ကုမ္ပဏီအုပ်ချုပ်မှုမတူညီသော YBS ယာဉ်လိုင်းများအား အောက်တိုဘာ ၁ ရက်မှ စတင်၍ နံပါတ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲမည်




ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် ယာဉ်လိုင်းနံပါတ်တူပြီး ကုမ္ပဏီအုပ်ချုပ်မှု မတူညီသော ယာဉ်လိုင်းများအား စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအပိုင်းတွင် စနစ်တကျ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လာမည့် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ယာဉ်လိုင်း နံပါတ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) ရုံးချုပ်၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ထိုသို့ပြောင်းလဲပြေးဆွဲရာတွင် YBS ၂၁ ယာဉ်လိုင်း၌ မူလယာဉ်လိုင်းနံပါတ် ၂၁ ကို မူလအတိုင်းပင် ပြေးဆွဲသွားမည့်အပြင် စာမျက်နှာ ၁၉ ကော်လံ ၁ သို့

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံး ရှုံးထွက်ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့် ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာရှထိပ်သီးဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်အဆင့် ဒုတိယနေ့အဖြစ် စက်တင်ဘာ ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာ စံတော်ချိန်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ


ခွေးရူးရောဂါကြောင့် သေဆုံးမှုလျော့ပါးစေရေး ပူးပေါင်းဆောင်ရွက်
ဆောင်းပါး စာမျက်နှာ » ၁၀

အီရတ်နိုင်ငံရှိ မင်္ဂလာဆောင်အခမ်းအနားတစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ လူ ၁၀၀ ကျော် သေဆုံး
စာမျက်နှာ » ၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလို သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄


## အာရှအားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားမယ် စန္ဒီဦး ဆုတံဆိပ်နှင့်လွဲချော်

ရန်ကုန် စက်တင်ဘာ ၂၇

အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ စတုတ္ထနေ့ကို စက်တင်ဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာဝူရှူးအားကစားမယ် စန္ဒီဦး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**အဆင့် ၉ နေရာသာရရှိ**

စန္ဒီဦးသည် အမျိုးသမီး ကျန့်စု+ချန်းစု ပြိုင်ပွဲနှစ်ခုပေါင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အဆင့် ၉ နေရာသာရရှိခဲ့ခြင်းဖြစ်သည်။ စန္ဒီဦးသည် ကျန့်စုပြိုင်ပွဲတွင် ၉ ဒသမ ၂၆၆ မှတ်၊ ချန်းစုပြိုင်ပွဲတွင် ၉ ဒသမ ၆၇၀ မှတ် စုစုပေါင်း ၁၈ ဒသမ ၉၃၆ မှတ် ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ သို့

